မြန်မာ့အလင်း

၁၂၇၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားသမ္မတနိုင်ငံ သမ္မတထံဝမ်းမြောက် သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဖီဒယ်လ်ကတ်စထရိုရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်ကျန်းမာစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရရှိပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အားသစ်အင်သစ်ဖြင့် ရွှင်လန်းတက်ကြွနေစေရန် ရည်ရွယ်၍ နေပြည်တော်၌ ပထမအကြိမ်အဖြစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲများကို မိသားစု ပျော်ပွဲရွှင်ပွဲများအဖြစ် ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်မှ စတင်ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယမန်နေ့ ညနေ ၃ နာရီ တွင် နေပြည်တော်ရှိ ဘော်လီဘော အားကစားပြိုင်ကွင်းအမှတ်(၁)၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အားပေးသည်။ **(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သည့် နိုင်ငံ တစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန်နှင့် အချုပ်အခြာအာဏာ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေစေရန်အတွက် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်း ကြိုးပမ်းကြရမည်သာမက ရရှိပြီးဖြစ်သည့် အမျိုးသား စည်းလုံးညီညွတ်မှု၊ နိုင်ငံတော် အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုတိုးပွားအောင် ကျွန်ုပ်တို့ ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ရွှေရတုလွတ်လပ်ရေးနေ့သဝဏ်လွှာမှ–



မြန်မာ့အလင်း နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

❒ **ပြည်ပပယောဂကြောင့် ဖြစ်ပေါ်လာခဲ့သော အရေးကိစ္စဟူသမျှအပေါ် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်မခံဘဲ တိုင်းရင်းသားပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် တည်တံ့ခိုင်မြဲမှုကို ပြဆိုနေပါသည်။**

ကျော်မင်းအေး၏ တရားမျှတ လွတ်လပ်ခြင်းနဲ့မသေွ ဆောင်းပါး (စာ– ၈ နှင့် ၉)

❒ **သမိုင်းထဲက ဇာတိမာန်**

ဒေါင်းနွယ်စိုး၏ ကဗျာ (စာ–၉)

❒ **အလိမ်အညာ၊ အပင့်အရိုက်၊ အခြောက်အလှန့်တွေမှာ**

တင်ဝင်း(အင်းစိန်)၏ ကာတွန်း (စာ–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာရေး နှစ်သစ်အချိန်အခါမှစ၍ လက်တွဲညီညီ ဆက်လက်ကြိုးပမ်း

ယနေ့သည် ၂၀၀၇ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၀၈ခုနှစ်သို့ စတင်ဝင်ရောက်လာသည့် နှစ်သစ်အဦးအစ အချိန်အခါပင် ဖြစ်သည်။

ဤသို့သော နှစ်သစ်သမယတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိရေး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရမည် ဖြစ်ပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရသည် တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ထို့အပြင် ဓာတ်သတ္တုတူးဖော်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ လယ်ယာနှင့်သစ်တောကဏ္ဍ စသည့်ကဏ္ဍများသည် နိုင်ငံတော် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးလျက်ရှိသည့် စီးပွားရေးမောင်းနှင် စွမ်းအားများပင် ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိရာတွင် အဓိကအရေးကြီးဆုံးဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ်များကိုလည်း တိုးမြှင့်မွေးထုတ်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာမတတ်သူပပျောက်ရေးစီမံကိန်းကြောင့် စာတတ်မြောက်မှုရာခိုင်နှုန်း မြင့်တက်လာသည်။

ထို့အပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး မြှင့်တင်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကာကွယ်ဆေးတိုက်နေ့များ ကျင်းပနိုင်ခြင်းတို့ကြောင့် ကလေးများသေပျောက်မှုနှုန်း ကျဆင်းလာခဲ့ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ကဏ္ဍအသီးသီး၌ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းများကို အခြေပြုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာစေရန် နှစ်သစ်အချိန်အခါမှစ၍ လက်တွဲညီညီ ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ယမုနာဓာတ်ပုံတိုက်နေ ဦးအေးကို-ဒေါ်ရွှေမြင့်တို့၏ မြေး မောင်တင့်နိုင်လွင်(ခ)မောင်ရဲမြတ်အောင် မွေးနေ့အလှူငွေကျပ်သုံးသိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းစိုးနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသူများသည် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြေးပိဋကတ်တော် သင်ရိုးအုပ်ရေ ၂၀ ရေးထိုးပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်မင်္ဂလာတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် ပါရမီအလှူရှင် ၂၉၄၃ဦးတို့၏ ကြေးပိဋကတ်တော် သင်ရိုးအုပ်ရေ ၂၀ ရေးထိုးပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ**(အပေါ်ပုံ)** ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဗဟန်းမြို့နယ် ဘီအိုစီပိဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဝရ (မဟာဂန္ထဝါစကပဏ္ဍိတ)က ကြေးပိဋကတ်တော်ရေးထိုး လှူဒါန်းပူဇော်ရခြင်း အကျိုးကျေးဇူးကိုလည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နာဂိဿရ (ဓမ္မကထိက)က ပိဋကတ်တော်ပူဇော်လာခဲ့ကြသည့် ရှေးဟောင်းသမိုင်း အထောက်အထားများ အကြောင်းကိုလည်းကောင်း ရှင်းလင်းမြွက်ကြားတော်မူသည်။

ထို့နောက် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံမှ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

သဲအင်းဂူ (မှော်ဘီ) စုပေါင်းဒုလ္လဘ ရဟန်းခံ ရှင်ပြုသီလရှင်ဝတ်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူ ဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်ခဲ့သော မူလသဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် အလှူရှင်များဖြစ်သော ဦးတင်မောင်လွင်၊ ဒေါ်တင်မမ၊ သား တင့်လွင်ဖြိုး၊ သက်လွင်ဖြိုးမိသားစုတို့က မိဘများဖြစ်ကြသော (ဦးစန်းလွင်)-ဒေါ်မြခင်၊ ဦးမောင်မောင်မြင့်-ဒေါ်ချိုချိုတို့အား အမှူးထား၍ ဒုလ္လဘရဟန်းလောင်း ၃၁ ပါး၊ ရှင်သာမဏေ လောင်း၂၃ပါးနှင့် သီလရှင်လောင်း၄၁ပါးတို့အားသာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျိုက္ကစံလယ်တီ အနေကဇာတင်ပွဲနှင့် ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် (သတ္တဌာန) ဗုဒ္ဓခုနစ်ဆူရုပ်ပွားတော်များ စံပယ်တော်မူရာ သုမင်္ဂလာရွာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ဗုဒ္ဓခုနစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် (၃၇)ကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က ဦးဆောင်ပြီး ဇန်နဝါရီ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီမှစတင်၍ ၂၀ရက်အထိ ငါးရက်ငါးညတိုင်တိုင် ဆရာတော် သံဃာတော်များက ရွတ်ဖတ်ပူဇော်ပြီး ဘုရား အနေကဇာတင် ပူဇော်ကြမည်ဖြစ်သည်။

အဆိုပါပူဇော်ပွဲတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ သဒ္ဓါအလျောက် လှူဒါန်းလိုပါက ပဋ္ဌာန်းပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၅၆၀၇၁၀၊ ၅၆၄၇၄၃တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၁)**

A-1, No-303, SHWE ZIWA Co.,Ltd. ရွှေဂုံသူအိမ်ရာ အောက်ကြည့်မြင်တိုင်မြို့နယ်နေ ဒေါက်တာစိုးမိုးအောင် (Managing Director)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၂၅၀၀၀ တန်ဖိုးရှိဆေးများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၁-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၂၂)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၀)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ အားကစားသမားများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးပင့်ထောင်ဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ လှထွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အဆိုပါ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်က အကောင်းဆုံးဘော်လီဘောအားကစားသမားဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ နံပါတ်(၈)စအောင်ဇော်ဇော်အား ငွေသားဆုကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲ၌ ပထမဆုရရှိသော အားကစားဝန်ကြီးဌာန ဘော်လီဘောအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၇ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး ခုခံဆယ်မဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နံပါတ်(၁)ကျော်လွင်မိုးအား ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင် ၂၀၀၇ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ငွေသားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

တစ်ဦးချင်းချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ ဒုတိယဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသည့် အားကစားဝန်ကြီး ဌာနအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ပင့်ထောင်ဆု

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အကောင်းဆုံးစပေးဘောဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ နံပါတ်(၈) စအောင်ဇော်ဇော်၊ အကောင်းဆုံးပင့်ထောင်ဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ နံပါတ်(၂) လှထွေးနှင့် အကောင်းဆုံး ရိုက်ခုတ်ဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းမှ နံပါတ်(၁၀)ဇာနည်ဟိန်းတို့အား ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အကောင်းဆုံးပိတ်ဆို့ဆုရရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ နံပါတ်(၈) အေးမင်းထွန်းနှင့် အကောင်းဆုံးခုခံ ဆယ်မဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နံပါတ်(၁)ကျော်လွင်မိုး တို့အား ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ၌ ပထမဆု ရရှိသော အားကစားဝန်ကြီးဌာနဘော်လီဘော အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် စုံညီအစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကြီးကို ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း (ယခင် စိန့်ဂျွန်းလမ်း) အမှတ် ၂၉ ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

✻ ကျောဖုံးမှ

ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားကာ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)မှ ဆရာ၊ ဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ဆောက်လုပ်ဆဲ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံသို့ ရောက်ရှိ၍ စက်ရုံအတွက် ကုန်ကြမ်းမပြတ်လပ်စေရေးအတွက် စက်ရုံပိုင်စိုက်ခင်းများ ထူထောင်ရေး၊ လက်ရှိစိုက်ပျိုးထားသည့် ကုန်ကြမ်းယူကလစ်ပင် ရှင်သန်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် စက်ရုံအတွင်းရှိ ဝါးကုန်ကြမ်းစုဆောင်းရေးကွင်း၊ ထမင်းစားဝါးတူထုတ်လုပ်မှု၊ ရွှေရောင်ငွေရောင်စက္ကူလုပ်ငန်း၊ ဝါးဖြတ်စထုတ်လုပ်ရေးစက်ရုံခွဲ၊ စက္ကူထုတ်လုပ်မှု အဆင့်ဆင့်နှင့် ကျောင်းသုံးဗလာစာအုပ် ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၃၁ ရက်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းမိသားစု၏ နှစ်သစ်ကူး ကံစမ်းမဲဖွင့်ပွဲကျင်းပရာ ရုပ်မြင်သံကြားစက်ကံထူးရှင် လုပ်သားမှူး ဦးကိုကိုထွန်းအား စာတည်းမှူးချုပ်ကိုယ်စား စာတည်းမှူး ဦးလှိုင်ဝင်းက ချီးမြှင့်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖိလစ်ပိရပ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ပရိသတ်တိုးပွားရေးနှင့် စာကောင်းပေမွန်များ ပေါ်ထွက်ရေးကို ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုဟူ၍ ၂၀၀၅ ခုနှစ် မတ်လမှစပြီး ဆောင်ရွက်ခဲ့သည်။ ထို့နောက် ယှဉ်ပြိုင်ရန် စာအုပ်စာမူများ ဖိတ်ခေါ်ခဲ့ပြီး ဒုတိယအကြိမ်ချီးမြှင့်မည့် ၂၀၀၆ ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ရရှိသည့် စာအုပ်စာမူစာရင်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် စာအုပ်ဆုနှင့် ယှဉ်ပြိုင်သော စာမူဆုဟူ၍ သတ်မှတ်ထားရာ ၂၀၀၆ ခုနှစ်အတွင်း ထုတ်ဝေသောစာအုပ်များနှင့် စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်တင်သွင်းသော စာမူများကို ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီမှ ခန့်အပ်သော ဆုရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

စာပေဆုများကို ဘာသာရပ်ရှစ်မျိုးထားရှိပြီး ဘာသာရပ်တစ်မျိုးလျှင် စာအုပ်၊ စာမူ၊ အင်္ဂလိပ်ဘာသာဟူ၍ ဆုသုံးမျိုးစီ သတ်မှတ်ထားသည်။

၂၀၀၆ ခုနှစ်အတွက်ထုတ်ဝေသော မြန်မာစာအုပ်များထဲမှ ဆုချီးမြှင့်ရန် ရွေးချယ်ထောက်ခံရရှိသော ဘာသာရပ်ခုနစ်မျိုးပါဝင်သည့် စာအုပ်များမှာ–

သမိုင်းဘာသာရပ်အတွက် ခင်ခင်ထူးရေးသားသော **"အညာသူအညာသား ကျွန်မဆွေမျိုးများ"** စာအုပ်၊
အတ္ထုပ္ပတ္တိဘာသာရပ်အတွက် မိုးမိုးတာရောစန်ရေးသားသော **"ကိုယ်နှင့်သက်ကို နှင်းဆက်အပ်မည်"** စာအုပ်၊
ကလေး၊ လူငယ်ဘာသာရပ်အတွက် ဂျူနီယာဝင်း ဘာသာပြန်သော **"အဲလစ်စ်နှင့် အံ့ဖွယ်ကမ္ဘာ"** စာအုပ်၊
ယဉ်ကျေးမှုဘာသာရပ်အတွက် ဝင်းမောင်(တမ္ပဝတီ)ရေးသားသော **"မြန်မာမှု သုတေသနစာ"** စာအုပ်၊
ကျန်းမာရေးဘာသာရပ်အတွက် ဒေါက်တာစိုးလွင်ရေးသားသော **"ဆရာဝန်စစ်စစ် ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ"** စာအုပ်၊
ရှေးဟောင်းကျမ်းဘာသာရပ်အတွက် ဒေါက်တာတိုးလှ(မြန်မာ့သမိုင်းအဖွဲ့ဝင်)တည်းဖြတ်သည့် **"ဟံသာဝတီ ဆင်ဖြူရှင်အရေးတော်ပုံ မော်ကွန်းဥဒါန်း–ဥသျှစ်ရောအမတ်ကြီး"** စာအုပ်၊
ရည်ညွှန်းကျမ်းဘာသာရပ်အတွက် မောင်ဝံသရေးသားသော **"အတ္ထုပ္ပတ္တိ အဘိဓာန်"**စာအုပ်တို့ ဖြစ်သည်။
စီးပွားရေးဘာသာရပ်အတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိပါ။

၂၀၀၆ ခုနှစ်အတွက် ပါဝင်ယှဉ်ပြိုင်သော စာအုပ်အဖြစ် ထုတ်ဝေနိုင်မည့် စာမူများအလိုက် ဘာသာရပ်ရှစ်မျိုး သတ်မှတ်သည့်အနက်–

သမိုင်းဘာသာရပ်အတွက် မောင်နွယ်သန်းရေးသားသော **"မြန်မာ–မဏိပူရ စစ်သမိုင်း"** စာမူ၊
အတ္ထုပ္ပတ္တိဘာသာရပ်အတွက် လှတိုး(စိတ်ပညာ)ရေးသားသော **"ရန်အောင်၏ စာပေခရီးတစ်ခု"** စာမူ၊
ယဉ်ကျေးမှုဘာသာရပ်အတွက် မင်းဘူးအောင်ကြိုင်ရေးသားသော **"လက်ရာအစုံ နဂါးရုံ"** စာမူ၊
ရှေးဟောင်းကျမ်းဘာသာရပ်အတွက် မြမြချိုရေးသားသော **"ရှေးဟောင်း မွန်ခေါင်းလောင်းစာမှ လေးနက်ခိုင်မာသည့် စံပြုဖွယ် စာပေအထောက်အထားများ"** စာမူတို့ ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားယှဉ်ပြိုင်သော စာအုပ်များအနက်–

သမိုင်းဘာသာရပ်အတွက် ဒေါ်ကြန် ရေးသားသော "Selected Writings of Daw Kyan (Bilingual)" စာအုပ်နှင့်

ရှေးဟောင်းကျမ်းဘာသာရပ်အတွက် ရှေးဟောင်းစာပေသုတေသီ ဦးထွန်းရီ စုဆောင်းတည်းဖြတ်၍ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသော ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ် "Collection of Hpyat-sar, Legal Cases and Court Decision of Myanmar Kon-Baung Period (AD 1752-1885)"(ငါးအုပ်တွဲ)စာအုပ်တို့ဖြစ်သည်။

၂၀၀၆ ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်းစာပေဆုပေါင်းမှာ မြန်မာစာအုပ်ဆု ခုနစ်ဆုနှင့် မြန်မာစာမူဆုလေးဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆုနှစ်ဆုဖြစ်၍ ပေါင်း ၁၃ ဆုဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုများကို မြန်မာနိုင်ငံဘဏ်အသင်း အဆောက်အအုံတွင် ဇန်နဝါရီလအတွင်း ဖိတ်ကြား၍ ကျင်းပရန် လျာထားသည်။

စာအုပ်ဆု၊ စာမူဆုရရှိသူများသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ အမှတ်(၅၃/၆၁)ရှိ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ (ဖုန်း–၀၁–၂၉၁၈၈၁)သို့ ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံစီနှင့် ကိုယ်ရေးမှတ်တမ်းအချက်အလက်အထောက်အထားများပါ ပူးတွဲတင်ပြရန်ဖြစ်သည်။

၂၀၀၇ ခုနှစ်ထုတ် စာအုပ်များနှင့် ရေးသားပြုစုသော စာမူများ တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များ၏ လက်ရာများကိုလည်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ကာ စည်းကမ်းချက်များတောင်းယူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ် ဇန်နဝါရီတွင် အချို့ဒေသများ၌ အအေးပိုနိုင်

ဖုန်းအင်တာဗျူး–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း

ရန်ကုန် ဒီဇင်ဘာ ၃၁ (ဖုန်း)

၂၀၀၇ ခုနှစ်က ကုန်ဆုံးခဲ့ပြီး ၂၀၀၈ ခုနှစ်သို့ ရောက်ရှိခဲ့ပေပြီ။ မြန်မာနိုင်ငံတစ်ဝန်း ဆောင်းအဝင်ရက်များ၌ပင် အအေးပိုခဲ့သည်ဖြစ်ရာ နှစ်သစ် ဇန်နဝါရီလတွင် ရာသီဥတုအခြေအနေ မည်သို့ရှိမည်ကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား မြန်မာ့အလင်းက တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခဲ့သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ထူးခြားသော ရာသီဥတု ရှိ၊ မရှိနှင့်ပတ်သက်ပြီး မေးမြန်းရာ **"ဇန်နဝါရီလမှာ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနဲ့ မြန်မာနိုင်ငံတောင်ပိုင်းဖြစ်တဲ့ တနင်္သာရီတိုင်းတွေမှာ သုံးရက်မှ ငါးရက်အထိ မိုးရွာသွန်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ တစ်ရက်နှစ်ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်"**ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ရှင်းလင်းဖြေကြားသည်။



ဦးထွန်းလွင်
(မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)
(မှတ်တမ်းဓာတ်ပုံ–မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင် ဇန်နဝါရီလ၌ ညအပူချိန်များနှင့်ပတ်သက်၍လည်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်မြဲအောက် သုံးဒီဂရီဆဲလ်စီးရပ်စ်မှ ငါးဒီဂရီဆဲလ်စီးရပ်စ်အထိ လျော့ကျပြီး အအေးပိုနိုင်ကာ ကျန်ဒေသများ၌ ပုံမှန်အတိုင်းသာ အေးမည်ဖြစ်ကြောင်း သိရသည်။

ထူးထူးခြားခြား

ဇန်နဝါရီလ၌ ထူးထူးခြားခြား အအေးပိုနိုင်သည့် နေရာဒေသများနှင့် ပတ်သက်၍မေးမြန်းရာ **"ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်၊ လွိုင်လင်နဲ့ ပင်လောင်းမြို့တွေမှာ သုညဒီဂရီ ဆဲလ်စီးရပ်စ်မှ အနုတ်တစ်ဒီဂရီဆဲလ်စီးရပ်စ်အထိ အအေးပိုနိုင်ပြီး ချင်းပြည်နယ်မှာ ရေခဲမှတ်အောက် အနုတ်သုံး ဒီဂရီဆဲလ်စီးရပ်စ်မှ အနုတ်လေးဒီဂရီ ဆဲလ်စီးရပ်စ်အထိ အေးလာပါလိမ့်မယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်တဲ့ မကွေးတိုင်းနဲ့ မန္တလေးတိုင်းတွေမှာ ၁၁ ဒီဂရီဆဲလ်စီးရပ်စ်မှ ၁၂ ဒီဂရီဆဲလ်စီးရပ်စ်အထိ အေးမှာဖြစ်ပါတယ်"**ဟုလည်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ဖုန်းမှတစ်ဆင့် ပြောကြားသည်။

ဆက်၍အေးမည်

ဇန်နဝါရီလ၌ ရန်ကုန်မြို့တွင်မူ ၁၃ ဒီဂရီဆဲလ်စီးရပ်စ်မှ ၁၄ ဒီဂရီဆဲလ်စီးရပ်စ်အထိ အေးမည်ဖြစ်ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံတစ်ဝန်း ဇန်နဝါရီလ၌ မြစ်ရေတည်ရှိမှု အနေအထားနှင့် ပတ်သက်၍လည်း ဧရာဝတီမြစ်ရေသည် လက်ရှိရေအမှတ်ထက် တစ်ပေခွဲမှ နှစ်ပေခွဲအထိ ကျဆင်းနိုင်ကြောင်းလည်း သိရသည်။

သတိပြု

"၂၀၀၈ ခုနှစ်ဟာ အင်အားအသင့်အတင့်ရှိတဲ့ လာနီညာနှစ်ဖြစ်တဲ့အတွက် ဆောင်းရာသီမှာ အအေးပိုပါလိမ့်မယ်၊ ခြုံပြီးပြောရရင်တော့ မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းဒေသတွေမှာ ပုံမှန်အောက် သုံးဒီဂရီဆဲလ်စီးရပ်စ်မှ ငါးဒီဂရီဆဲလ်စီးရပ်စ်အထိ လျော့ပြီး အအေးပိုမှာဖြစ်ပါတယ်။ မကြာခဏ တရုတ် ပြည်မကြီးပေါ်ရှိတဲ့ ရာသီအလိုက် ဖြစ်ပေါ်တတ်တဲ့ လေဖိအားများရပ်ဝန်းဟာ အားကောင်းပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်မှတစ်ဆင့် မြန်မာနိုင်ငံဘက်ကို တိုးဝင်လာနိုင်တာကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းတွေမှာ အပူချိန်တွေ ကျဆင်းပြီး အအေးပိုမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသတွေဖြစ်တဲ့ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ အရှေ့ဘက်က လေပြင်းတွေတိုက်ခတ်နိုင်တာကြောင့် ကမ်းရိုးတန်းဒေသတွေမှာ လှိုင်းကြီးနိုင်ပါတယ်။ သတိထားရမှာက လှိုင်းကြီးတတ်တဲ့အတွက် သင်္ဘောတွေ တိမ်းမှောက်နိုင်ပါတယ်။ မိုးရွာသွန်းမှုတွေ လျော့နည်းသွားပြီဖြစ်တဲ့အတွက် မြစ်ရေတွေကျပြီး သင်္ဘောတွေ သောင်တင်နိုင်တာမို့ သတိပြုရမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အအေးပို

ထို့ကြောင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလသည် မြန်မာနိုင်ငံတစ်ဝန်း အချို့ဒေသများ၌ အအေးပိုသည်မှလွဲပြီး ပုံမှန်ရာသီဥတုအနေအထားသာ ရှိနိုင်မည်ဖြစ်ကြောင်း ဖုန်းသတင်းအဖြစ် မေးမြန်းဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၇ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ဆန်း ပြည်သာယာ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နှင်းမှုန်ဖွေးဖွေး

ဟားခါး	လွိုင်လင်
–၄ ဒီဂရီစင်တီဂရိတ်	–၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	**မိုးကုတ်**
၁ ဒီဂရီစင်တီဂရိတ်	၃ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ထိပါးနှောင့်ယှက်မည့် အဖျက်လုပ်ရပ်မှန်သမျှ စွန့်လွှတ်စွန့်စားသောသတ္တိဖြင့် ကာကွယ်တွန်းလှန်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၃)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၈)နှင့် အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁၁) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် ကြီးကြပ်သူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ကြမည့် လူငယ် လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နယ်မြေဒေသအသီးသီး၊ လူထုလူတန်းစားအသီးသီးတွင် ရှိနေကြသည့် တိုင်းရင်းသားပေါင်းစုံ ပါဝင်သော အသင်းဝင်များသည် နယ်မြေဒေသအသီးသီး၏ အကျိုးဖြစ်ထွန်းစေသော အကျိုးပြုလုပ်ငန်းများတွင် ကိုယ်တိုင် ဘက်စုံပါဝင်ဆောင်ရွက်နေသကဲ့သို့ လူထုတစ်ရပ်လုံး ပါဝင်လာစေရေးကိုလည်း စည်းရုံးရေးနည်းလမ်းအားဖြင့် ထိရောက်စွာ အထောက်အကူပြုနေကြပြီ ဖြစ်ပါကြောင်း၊ နယ်မြေဒေသအသီးသီး၌ လက်တွေ့အကျိုးရှိသည့် အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် နယ်မြေလူထု၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေပြီး အသင်းဝင်အင်အားမှာလည်း ၂၄ သန်းကျော်အထိ ရောက်ရှိလာပြီဖြစ်ပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် ပြည်တွင်းရှိ စစ်မှန်သော အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ကသာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် ပြည်တွင်းရေးကိစ္စသာဖြစ်သည်ဟု မိမိတို့အားလုံး ခံယူထားကြပြီးဖြစ်ပါကြောင်း၊ မိမိတို့အားလုံး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ မုချမသွေ အောင်မြင်ရမည်ဟုလည်း ယုံကြည်ပြီးဖြစ်ပါကြောင်း။

စေတနာမှန်

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအတွက် ဦးစားပေးဆောင်ရွက်ကြမြဲဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင်လည်း မိမိနိုင်ငံ၏ အတိတ်ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးစလုံး ဆက်စပ်ဖြစ်ပေါ်နေသော ပကတိအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့် မူဝါဒ၊ လမ်းစဉ်များနှင့်သာ လက်တွေ့ အကောင်အထည်ဖော်ရစမြဲပင် ဖြစ်ပါကြောင်း၊ အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာဖြင့် အစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားများကသာ အလိုလားဆုံး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှု ပကတိအခြေအနေမှန်ကိုလည်း နိုင်ငံအတွင်း၌ နေထိုင်ကြသည့် နိုင်ငံသားများကသာ အသိဆုံး ဖြစ်ပါကြောင်း၊ လက်ရှိ နိုင်ငံတော်အပေါ် ဦးဆောင်ဦးရွက်ပြုနေကြသူများသည်လည်း နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၌ ကိုယ်တိုင် ပါဝင်ဖြတ်သန်းလာခဲ့ကြသည့် အတွေ့အကြုံရင့်ကျက်ကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် မွန်မြတ်သော စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်နေကြသူများ ဖြစ်ပါကြောင်း၊ မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ရရှိလာသည့် အကျိုးတရားများဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှမတူအောင် ဖြစ်ထွန်းနေပြီဆိုခြင်းကို ကြည်လင်သည့် အမြင်ဖြင့် ရှုမြင်နိုင်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော၊ အမျိုးသားရေး အနှစ်သာရကို ဖော်ဆောင်သော တိုင်းပြု ပြည်ပြု ညီလာခံကြီးဖြစ်ပါကြောင်း၊ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအပေါ် အသင်းကြီးနှင့် ပြည်သူတစ်ရပ်လုံးက ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုကြောင်း၊ ယခုဆိုလျှင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းကြီးက ပြည်သူများနှင့် လက်တွဲပြီး ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

လက်ရှိ ဖြစ်ပေါ်ပြောင်းလဲမှုများသည် ပြည်သူများလိုလားသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဦးတည်ရေးရှုနေတာကို အထင်အရှား တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လျော့ပါး မသွားရစေရန် ထိန်းသိမ်းပြီး ပိုမိုအေးချမ်းတည်ငြိမ်မှုရှိစေရန်၊ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် စိတ်ကောင်းစေတနာမှန်နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အသင်းကြီးအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော ဆူပူအကြမ်းဖက်မှုများ၊ အဖျက်လုပ်ရပ်များနှင့် ဘက်လိုက်စွက်ဖက်မှုများအား ကန့်ကွက်တားဆီးသွားပြီး အပြုသဘောဆောင်သော လုပ်ဆောင်မှုများအား ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အသင်းဝင်အားလုံး ပကတိ အခြေအနေများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ဒို့တာဝန် အရေးသုံးပါးအား အမျိုးသားရေး တာဝန်အဖြစ် အလေးအနက် ခံယူကျင့်သုံးသွားကြပါ။**
- **နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျရာကဏ္ဍက ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြပါ။**
- **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး အဖြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အတူ ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေး အတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်း လက်တွဲ ဆောင်ရွက်သွားကြပါ။**
- **အမျိုးသား ညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ။**
- **သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၉)ရပ်အတိုင်း မိမိတို့နယ်မြေ လူထုအကျိုးအတွက် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးကို ထိပါးနှောင့်ယှက်မည့် အဖျက်လုပ်ရပ် မှန်သမျှအား စွန့်လွှတ်စွန့်စားသောသတ္တိဖြင့် ကာကွယ်တွန်းလှန်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဗထူးတပ်မြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ အထက်တန်းကျောင်း (ယခင် တပ်မတော်ကလေးများအထက်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် မတ် ၂၂ ရက် (စနေနေ့) တွင် ဗထူးတပ်မြို့ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မှ ဗထူးတပ်မြို့သို့ မတ် ၁၉ ရက်တွင် ထွက်ခွာပြီး မတ် ၂၄ ရက်တွင် ပြန်လာမည့် ခရီးစဉ်အတွက် အကြိုအပို့၊ နေထိုင်စားသောက်ရေးများကို စရိတ်ငြိမ်း တာဝန်ယူသည်။ လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများ ရန်ကုန် ရုံးဖုန်း–၂၄၆၂၈၃၊ ဦးမောင်မောင်သန်း ဖုန်း–၀၉–၅၁–၀၀၃၇၈၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း–၅၁၀၅၉၅၊ ဦးခင်ကျော် ဖုန်း–၀၉–၅၁–၃၅၇၃၀၊ ဦးဇော်မြင့်ဦး ဖုန်း–၀၉–၅၁–၅၁၅၉၀၊ ဦးဝဏ္ဏ ဖုန်း–၅၀၂၉၂၁နှင့် ရပ်စောက်/ဗထူးမှ ဦးသန်းမောင် ဖုန်း–၀၈၁–၄၀၁၀၁၊ ဦးကျော်ကျော်မင်း ဖုန်း–၀၈၁–၄၀၀၄၄၊ ဦးမောင်မောင်စိန် ဖုန်း–၀၈၁–၄၀၂၈၁၊ ဦးစိုးသန်းဝင်း ဖုန်း–၀၈၁–၄၀၂၅၂၊ ဒေါ်တင်အေး ဖုန်း–၀၈၁–၄၀၁၆၇ တို့ထံ မတ် ၁၀ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်)
(ဥပုသ်နေ့)
၁–၁–၂၀၀၈ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၅	၈။	မိုးယွန်းကြီးရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၆း၄၅	၄။	ဆိုကြမယ် ပျော်ကြမယ်
၁၇း၃၀	၅။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၈း၀၀	၆။	ညနေခင်းသတင်း
၁၈း၃၀	၇။	မိုးလေဝသအခြေအနေ
၁၈း၃၅	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀	၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း–၁၁)
၁၉း၄၅	၁၀။	အချုပ်အခြာအာဏာဖွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **ပညာတိုးတက် တို့ကျေးလက်**
၂၀း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း–၁၃)
	၁၅။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၁–၂၀၀၈(အင်္ဂါနေ့)
AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်	
၇း၀၅ – ၁း၀၅	**"နှစ်ဦးကာလ ဓမ္မလက်ဆောင်"** တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ)	
၇း၄၅ – ၁း၄၅	ဇင်းကျိုက်တောင်ပေါ် စေတီတော် မဟာ အောင်ဗောဓိဟုခေါ်	
၇း၅၅ – ၁း၅၅	တေးဂီတအစီအစဉ်	
၈း၀၀ – ၂း၀၀	Sunday Talk	
၈း၅၀ – ၂း၅၀	တေးဂီတအစီအစဉ်	
၈း၅၅ – ၂း၅၅	ခြိမ့်ခြိမ့်သဲဆင်နွှဲ ပန်းတနော်မြို့မှ အလှူပွဲ	
၉း၂၀ – ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း	
၉း၃၀ – ၃း၃၀	လေ့လာစရာ Reiju သင်တန်းကျောင်းမှာ (မိတ်ကပ်နှင့်ဆံထုံး)	
၉း၅၀ – ၃း၅၀	တေးဂီတအစီအစဉ်	
၉း၅၅ – ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း	
၁၀း၀၀ – ၄း၀၀	မင်္ဂလာပန်းစံပယ်၏ ဒိုင်ယာရီ	
၁၀း၂၀ – ၄း၂၀	တေးဂီတအစီအစဉ်	
၁၀း၂၅ – ၄း၂၅	မိုးလေဝသခန့်မှန်းချက်	
၁၀း၃၀ – ၄း၃၀	Biz Net	
၁၀း၄၅ – ၄း၄၅	တေးဂီတအစီအစဉ်	
၁၀း၅၀ – ၄း၅၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး "ရုံးပတီစိုက်ပျိုးနည်း"	
၁၁း၀၀ – ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း	
၁၁း၁၀ – ၅း၁၀	တေးဂီတအစီအစဉ်	
၁၁း၁၅ – ၅း၁၅	စားကောင်းမယ့် ထမင်းတစ်လုပ်	
၁၁း၃၅ – ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း	
၁၁း၄၀ – ၅း၄၀	Yangon Panorarma "ကောင်းစည်သူပန်းချီပြပွဲ"	
၁၂း၀၀ – ၆း၀၀	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်	
၁၂း၁၀ – ၆း၁၀	တေးဂီတအစီအစဉ်	
၁၂း၂၀ – ၆း၂၀	မှုးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက် ပန်းတိုင်အသွင် (ပထမပိုင်း)	
၁၂း၃၅ – ၆း၃၅	Music Gallery	
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo	

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Fulham-Chelsea	ESPN (Live)
၉း၂၅	Arsenal-West Ham	ESPN (Live)
	Man Utd-Bimingham	Star Sports (Live)
၁၁း၄၅	Aston Villa-Tottenham	Star Sports (Live)
၁၂း၀၀	Middlebrough-Everton	ESPN (SDD)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ စာဖတ်ဝိုင်း

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ အလင်းရောင်စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက်က ကျင်းပရာ ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ)၏ အမေချင်းတူကြပေမယ့် ဆောင်းပါးကို နန်းခင်ထွမ်းက ဖတ်ကြားဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက ကျင်းပကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါ၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

၂၀၀၇ခုနှစ် ဒီဇင်ဘာအားကစားလလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့် ကာယလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်ခြင်းကို ဂန့်ဂေါမြို့၌ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများပါဝင်ဆင်နွှဲကြသည်။ (၂၇၃)

စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်ရေးစစ်ဆေး

မကွေးတိုင်း မြို့သစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချသော စားသုံးကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိကို နိုဝင်ဘာ ၂၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက အိုင်အိုဒင်းဓာတ်ပါရှိသော ဆားများ ရောင်းချခြင်းရှိမရှိ ကွင်းဆင်းစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

အမျိုးသမီးဘဝ တိုးတက်ရေး ပညာပေး

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက် ညနေ၃နာရီက အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်သန်းက ပညာပေးဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့ မြို့အင်္ဂါရပ်နှင့်ညီရေးဆောင်ရွက်

မကွေးတိုင်း ရေစကြိုမြို့ကို သန့်ရှင်းသပ်ရပ်ပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် လမ်းဘေးဝဲယာ လူသွားလမ်းစင်္ကြံအုတ်ခုံများ ဆေးသုတ်ခြင်း၊ ဝဲယာရှိ ပန်းအလှပင်များ ပြုပြင်ခြင်း၊ လမ်းမကြီးများတွင် ပေါက်ပြဲလျက်ရှိသည့်လမ်းများ ဖာထေးခြင်း၊ မြို့ဂုဏ်ဆောင် ပန်းဟောဝန် ပန်းခြံအား ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဖြိုး ဦးဆောင်ပြီး စည်ပင်သာယာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၅၁)

ယင်းမာပင် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၁ရက် နံနက် ၄နာရီကကျင်းပရာ လွတ်လပ်ရေးကျောက်တိုင်မှ နှောရိုးကျေးရွာအထိ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။

(မြို့နယ် ပြန်/ဆက်)

စာဆိုတော်နေ့ဂုဏ်ပြု စာပေဟောပြော

စာဆိုတော်နေ့ဂုဏ်ပြု စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန် ခန်းမ၌ကျင်းပရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ)က လူဖြစ်ရတဲ့ ရည်ရွယ်ချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာသန်လျင်မောင်မောင်ဦးက လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(မြို့နယ်ပြန်/ဆက်)

ရုပ်လုံးသွင်းပညာဖြင့် အသက်သွင်းထားသော တိရစ္ဆာန်မျိုးစိတ်များ တစ်စုတစ်ဝေးတည်း လေ့လာသိရှိနိုင်မည့် သဘာဝသမိုင်းပြတိုက်

သတင်းဆောင်းပါး-ကြည်ဝင်းသူ　　ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)　　စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဒီဇင်ဘာ ၃၁

တိရစ္ဆာန်မျိုးစိတ်များကို ရုပ်လုံးသွင်းပညာဖြင့် အသက်သွင်း၍ ခင်းကျင်းပြသထားသော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အတွင်းရှိ သဘာဝသမိုင်းပြတိုက်တွင် လာရောက်ကြည့်ရှုလေ့လာသူများ စိတ်ဝင်တစားငေးမောကြည့်ရှုနေကြရသည်။

ဒီပြတိုက်ကြီးမှာ ဗဟုသုတရစရာ၊ မှတ်သား စရာတွေ အများကြီးရှိပါတယ်။
ဒေါ်နော်ထူးဖော
ပြတိုက်တာဝန်ခံ

ပြခန်းတာဝန်ရှိသူများကလည်း လေ့လာသူများ မေးမြန်းသမျှကို စိတ်ရှည်လက်ရှည် ပြန်လည် ရှင်းပြပေးလျက်ရှိသည်။ ပြတိုက်တာဝန်ခံ ဒေါ်နော်ထူးဖောက ရုပ်လုံးသွင်းပညာ စတင်ခဲ့ပုံနှင့်ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပစ္စည်းများ အကြောင်းကို ဗဟုသုတဖြစ်ဖွယ် စေတနာ ရှေ့ထား၍ ရှင်းပြရာတွင် ရုပ်လုံးသွင်း ပညာကို တိရစ္ဆာန်ရုပ်လုံးသွင်း ပညာရှင် ရှမ်းပြည်နယ် သာသနာပြုဆရာ မစ္စတာပိန်းထံမှ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်စဉ်အတွင်း ငှက်များကို ရုပ်လုံးသွင်းစုဆောင်းပြီး ၎င်းပြန်လည်ထွက်ခွာ သွားသောအခါ ယူဆောင်သွားနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို ယူဆောင်ခွင့်တောင်းခဲ့ပါတယ်။တာဝန်ရှိသူများက ၎င်းပညာကိုသင့်လျော်သူတစ်ဦးအား သင်ကြားပေးပါက ယူဆောင်ခွင့်ပြုရန် သဘောတူညီခဲ့ပါတယ်။ဒါ့ကြောင့် ၎င်းက ဦးလှစိန်ဆိုသူအား သင်ကြားပေးခဲ့ပါတယ်။ ၎င်းဆီမှ ယင်းပညာကိုရလိုက်ပြီးနောက် တိရစ္ဆာန်မျိုးစိတ်များကို ရုပ်လုံးသွင်း၍ တောင်ကြီးတွင် သစ်တောပြတိုက်ကို စတင်ထူထောင်ခဲ့ပါတယ်။

ပြောင်းရွှေ့ခဲ့

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကျင်းပသည့် ပြည်ထောင်စုနေ့ပြပွဲ သစ်တောပြခန်းတွင် ရုပ်လုံးသွင်း ပြကွက်များကို ပြသခဲ့ရာ ပြည်သူများ စိတ်ဝင်စားသည့်အတွက် ရန်ကုန်မြို့တွင် သဘာဝသမိုင်းပြတိုက် တည်ဆောက်ဖို့

သက်ရှိအလား ရုပ်လုံးသွင်းကျား။

စတင်အကောင်အထည် ဖော်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၆၆ခုနှစ် မေလ ၁ရက်နေ့မှာ ကန်တော်ကြီးဟိုတယ် အဆောက်အအုံ (ယခင်ပြည်ထောင်စုကလပ်)တွင် ပြတိုက်ဖွင့်လှစ်ပြသခဲ့ပြီး ၁၉၇၈ခုနှစ် ဇန်နဝါရီလ၁ရက်နေ့မှာ ယခု ခင်းကျင်းပြသထားသော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အတွင်းရှိ သဘာဝသမိုင်းပြတိုက်ကို ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါတယ်ဟု ရှင်းပြသွားသည်။

သဘာဝသမိုင်းပြတိုက်၌ နို့တိုက် သတ္တဝါနှင့် ငှက်များပြခန်း၊ ငါးနှင့်တွားသွားသတ္တဝါ၊ ကုန်းနေ ရေနေ သတ္တဝါနှင့် ကျောရိုးမဲ့ သတ္တဝါများ ပြခန်း၊ ဘူမိဗေဒနှင့် သယံဇာတများပြခန်း၊ ဝေလငါးအရိုးစု ပြခန်းနှင့် ကမ္ဘာတစ်လွှား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် တောရိုင်း တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်စောင့် ရှောက်မှုဆိုင်ရာ ပညာပေးအစီအစဉ်များ ပြသသည့် ရုပ်သံပြခန်းတို့ဖြင့် ဖွဲ့စည်းခင်းကျင်း ပြသထားသည်။

စိတ်ဝင်စားဖွယ်

အများပြည်သူ စိတ်ဝင်စားဖွယ် အကောင်းဆုံးပြကွက်မှာ နိဗ္ဗာနပစ္စယ နာဂရာဇာ ဆင်ဖြူတော်ကြီး၏ ဆင်စွယ်ပြကွက်ဖြစ်ပေသည်။ ၎င်းဆင်စွယ်ကို ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာနရွာမှ ရရှိခဲ့ပြီး ဘိုးတော်ဘုရားလက်ထက်မှ မင်းတုန်းမင်းအထိ မင်းငါးဆက်တိုင်တိုင် ထင်ရှားခဲ့သည်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်တပ်များ မန္တလေးမြို့ကို သိမ်းပိုက်စဉ် သီပေါမင်း အုပ်စိုးသော မန္တလေးနန်းတော်မှ သိမ်းယူ၍ အိုင်ယာလန်သို့ ယူဆောင်သွားခဲ့သည်။ နှစ်ပေါင်း ၈၀ ကြာပြီးမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့်အတွက် ယခုသဘာဝသမိုင်းပြတိုက်တွင် ထိန်းသိမ်းပြသထားခဲ့ခြင်း ဖြစ်သည်။ ယင်း ပြခန်းတွင် ရခိုင်ပြည်နယ် မေယုတောင်တန်းမှ ရရှိသည့် ရှားပါးသော ဆင်စွယ်နက်တစ်ခုနှင့် ထားဝယ်ခရိုင် သစ်တောဦးစီးဌာနမှပေးပို့သော ဆင်စွယ်တစ်စုံကိုလည်း ဆင်စွယ်ကြီးနှင့်အတူ ယှဉ်တွဲပြသ ထားခြင်းကြောင့် သမိုင်းဆိုင်ရာ ဗဟုသုတ ရရှိစေပါသည်။

ဘိုးတော်ဘုရား လက်ထက်မှ မင်းတုန်းမင်းအထိ မင်း ငါးဆက်တိုင် ထင်ရှားခဲ့သော သမိုင်းဝင် နိဗ္ဗာနပစ္စယ နာဂရာဇာ ဆင်ဖြူတော် ကြီး ဆင်စွယ်။

ဝေလငါး

ဝေလငါးအရိုးစုပြခန်း၌ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဝေလငါးမျိုးဖြစ်သော ဆူးတောင် ဝေလငါး၏ အရိုးစုကြီးသည် တစ်ခန်းလုံး ပြည့်လျက်ရှိသည်။ ၎င်းဝေလငါးကြီးကို ရခိုင်ပြည်နယ် သံတွဲမြို့နယ် သရက်ကွင်းကျေးရွာ အနီးရှိ ပင်လယ်ပြင်မှ ၁၉၈၇ခုနှစ်က အသေရရှိခဲ့ခြင်းဖြစ်သည်။ အလေးချိန်တန် ၈၀၊ အရှည် ၇၂ပေ၊ လုံးပတ် ၂၇ပေရှိသော ဝေလငါးကြီး ဖြစ်သည်။ ထို့အပြင် ယင်းပြခန်းတွင် သန္တာကျောက်တန်း ပြကွက်၊ ပင်လယ်ပြင် သတ္တဝါတို့၏ ပြကွက်များကို ပန်းချီကားချပ်များဖြင့် နံရံတွင် မှန်ပေါင်သွင်း ပြသထားသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှ၏။

ဒေါင်းရုပ်များ

လှပ တင့်တယ် သော ဒေါင်းတောင်များဖြင့် အလှကြွယ် နေသည့် ရုပ် လုံး သွင်း ဒေါင်း ရုပ် များကို နို့တိုက် သတ္တဝါ နှင့် ငှက်များပြခန်းတွင် ဤသို့ တွေ့ရသည်။

ဘူမိဗေဒပြခန်းနှင့် သယံဇာတပစ္စည်းများပြခန်းတွင် မျောက်နှင့်တူသော ရှေးဦးလူသားအဖြစ်မှ ယနေ့ခေတ် လူသားများသို့ အဆင့်ဆင့် ပြောင်းလဲလာပုံကို ဆင့်ကဲ ဖြစ်စဉ် ရုပ်တု၁၄ ခုကို အသုံးပြု၍ ပြသ ထားသည်မှာလည်း အံ့သြဖွယ် တွေ့ရှိရ သည်။ ထို့အပြင် မကွေးတိုင်း မြို့သစ် မြို့နယ် ဝါးကြီးအိုင် ကျေးရွာ အုပ်စုမှ ရရှိသော အလေးချိန် ၉ဒသမ၄၇ ပိဿာရှိ ဥက္ကာပျံခဲကြီးကိုလည်း ထူးဆန်းစွာ လေ့လာခွင့် ရလိုက်ပေသည်။

လက်ရာမြောက်

ဘူမိဗေဒဆိုင်ရာ ပစ္စည်းများ၏ ရှေးဟောင်း ပန်းချီကားများကို ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးဘကြည်တို့ ရေးဆွဲထားပြီး ပန်းပုရုပ်တုများကို ပန်းပုဆရာကြီး ဦးဟန်တင် ထုလုပ်ထားသောကြောင့် လက်ရာမြောက်လှသည်။

ပြသထား

သစ်တောပြခန်းတွင်လည်း သစ်ပင်မျိုးစိတ်ပေါင်းများစွာကို ပန်းချီရေးဆွဲဖော်ပြထားပြီး သက်တမ်း နှစ် ၁၇၀၀၀ ဟု ခန့်မှန်းသိရှိရသည့် သက်ရင့်ပင်လယ်ကနစို သစ်မြစ်စုံတစ်ခုကိုလည်း ပြကွက်အဖြစ် ပြသထားလေသည်။

ကုန်းနေ၊ ရေနေသတ္တဝါပြခန်းတွင် ဆေးရည်စိမ်ရေချို ရေငန်ငါးများ၊ ဆေးရည်စိမ် တွားသွားသတ္တဝါများ၊ ရုပ်လုံးသွင်း ငါးများ၊ ခရုများ၊ ငါးမန်းစွယ်များကိုလည်း လေ့လာသိရှိနိုင်ရန် ပြသထားလေသည်။

ထို့ကြောင့် သတ္တဗေဒ၊ ဘူမိဗေဒ၊ ရုက္ခဗေဒနှင့် ရုပ်လုံးသွင်းပညာရပ်များကို လေ့လာသိရှိနိုင်ရန် သဘာဝသမိုင်းပြတိုက်ကြီးက ဗဟုသုတရှာမှီးသူများ၊ လေ့လာလိုက်စားသူများကို အစဉ်အမြဲကြိုဆိုလျက်ရှိပါကြောင်း။ ။

(မြန်မာ့အလင်း)

ရုပ်လုံးသွင်း တိရစ္ဆာန်ရုပ်များ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြု

ကတိုက်ရေလှောင်တမံ

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက် ကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော မြေသားတမံအမြင့် ၁၃၄ပေ၊ တမံအလျား ပေ၅၂၀၀ ၊ကန်ရေပြည့် သိုလှောင်ပမာဏ ဧက ပေ ၅၆၀၀၀ရှိသည့် ကတိုက်ရေလှောင်တမံ အလှကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

လက်ယာရေထုတ်မြောင်း

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၌ တည်ဆောက်ခဲ့သော မာလဲနတ်တောင်ရေလှောင်တမံ၏ လက်ယာရေထုတ်မြောင်း။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်မှု

နိုင်ငံတော် အမှတ်စဉ်	ဒေသ အမှတ်စဉ်	ဆည်တမံအမည်	တည်နေရာ	အကျိုးပြုဧက	ဖွင့်လှစ်နေ့
၁၉၄	၂၂	လှိုင်းချောင်းရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်	၁၅၀	၃၁-၁-၂၀၀၇
၁၉၅	၂၃	ဖိုးနီရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်	၇၅	၃၁-၁-၂၀၀၇
၁၉၆	၃၇	မဒေးရေလှောင်တမံ	မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်	၄၀၀၀	၂၅-၂-၂၀၀၇
၁၉၇	၅	ပြိုင်းချောင်းရေလှောင်တမံ	ရခိုင်ပြည်နယ် သံတွဲခရိုင် ကျောက်တော်မြို့နယ်	၅၀၀၀	၃၁-၃-၂၀၀၇
၁၉၈	၁၀	ကတိုက်ရေလှောင်တမံ	မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်	၁၀၀၀၀	၃၀-၄-၂၀၀၇
၁၉၉	၄၃	ဘိုင်းဒါးရေလွှဲဆည်	ပဲခူးတိုင်းအရှေ့ခြမ်း ဒိုက်ဦးမြို့နယ်	၄၆၇၀၀	၁၉-၅-၂၀၀၇
၂၀၀	၉	မမြရေလှောင်တမံ	ဧရာဝတီတိုင်း ပုသိမ်ခရိုင် မြန်အောင်မြို့နယ်	၁၀၀၀၀	၇-၆-၂၀၀၇
၂၀၁	၄၉	မာလဲနတ်တောင် ရေလှောင်တမံ	မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် စဉ့်ကူးမြို့နယ်	၁၀၀၀၀	၂၂-၇-၂၀၀၇
၂၀၂	၃၈	ဝွေးချိုရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်	၄၀၀	၁၉-၈-၂၀၀၇
၂၀၃	၅၀	ရှမ်းမငယ်ရေကူ ရေလှောင်တမံ	မန္တလေးတိုင်း မိတ္ထီလာ ခရိုင် မိတ္ထီလာမြို့နယ်	၂၀၀ရေကူ	၂၉-၉-၂၀၀၇
၂၀၄	၅၁	စည်သာရေကူရေလှောင်တမံ	မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် ပြင်ဦးလွင်မြို့နယ်	ရေပေးရေး	၂၅-၁၀-၂၀၀၇
၂၀၅	၂၃	မြောက်ယမားရေကူ ရေလှောင်တမံ	စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်	ရေကူ	၂၈-၁၁-၂၀၀၇
၂၀၆	၁၁	ဆိပ်ကျွန်းရေထိန်းတံခါး	မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်	၁၀၀၀၀	၂၈-၁၂-၂၀၀၇

ပဲခူးတိုင်း ဒိုက်ဦးမြို့ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ လှည်းဝိုင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော ဘိုင်းဒါးရေလွှဲဆည်နှင့် သဲထုတ်တံခါးကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖြစ်ထွန်းတိုးတက်မှုမှတ်တမ်း

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ တမံအလျား ပေ ၁၁၈၀၀၊ အမြင့် ပေ ၁၅၀ ရှိပြီး လယ်မြေဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်မည့် မမြရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့၏ မြင်ကွင်းကို ရရိုင်ရိုးမတောင်တန်း နောက်ခံပြု၍ ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

တရားမျှတ လွတ်လပ်ခြင်းနဲ့မသေ



မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သော နိုင်ငံဖြစ်သည်။

စင်စစ်တွင် မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ဗိသနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်လျက် ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်နေထိုင်လာခဲ့သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာတို့သည် ပုဂံခေတ်တွင် အနော်ရထာ(၁၀၄၄-၁၀၇၇)၏ ဦးဆောင်မှုဖြင့် ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင် (၁၅၅၁-၁၅၈၁)၏ ဦးဆောင်မှုဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား(၁၇၅၂-၁၇၆၁)၏ ဦးဆောင်မှုဖြင့် တတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထူထောင်နိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းရှိသူများ ဖြစ်ကြပါသည်။

သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အရေးအခင်းများနှင့်ကြုံတွေ့ရတိုင်း မြန်မာတိုင်းရင်းသားအားလုံးတို့သည် အတူတကွလက်တွဲဖြေရှင်း ကျော်လွှားနိုင်ခဲ့ကြသည်။ ကောင်းတူဆိုးဘက်ရင်ဆိုင်ဖြတ်သန်းနိုင်ခဲ့ကြသည်။ သေအတူရှင်မကွာ လက်တွဲဆောင်ရွက်လာခဲ့ကြသည်။ ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ်အပေါင်းကိုလည်း စည်းလုံးညီညွတ်စွာ တွန်းလှန်ချေမှုန်းနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုကြီးများ ထွန်းကားခဲ့သော အရှယ်ပမာဏကြီးမားပြီး လူဦးရေများပြားသည့် နိုင်ငံကြီးနှစ်နိုင်ငံ(အိန္ဒိယနှင့်တရုတ်)အကြားတွင် တည်ရှိနေသော်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ဖန်တီးတည်ဆောက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသူများဖြစ်ကြောင်း သမိုင်းကြောင်းက ပြဆိုနေပါသည်။

(၁၉)ရာစုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယတိုက်ကို ၎င်း၏ အင်ပါယာအတွင်း သွတ်သွင်းပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ မြန်မာနိုင်ငံကို ကျွန်ပြုခဲ့သည့် ကိုလိုနီနယ်ချဲ့တို့၏ အခြားသော ရည်ရွယ်ချက်တစ်ခုမှာ တရုတ်နိုင်ငံ၏ နောက်ဘက်ဝင်ပေါက်အဖြစ် မြန်မာနိုင်ငံမှတစ်ဆင့် ဝင်ရောက်ရန်အတွက် ဖြစ်ပါသည်။

ထိုစဉ်က ဥရောပတိုက်သား ကုန်သွယ်နယ်ချဲ့သူများသည် တရုတ်နိုင်ငံကို ၎င်းတို့၏ အပိုင်ဈေးကွက်အဖြစ် သိမ်းပိုက်ရယူလိုဇော ပြင်းထန်ခဲ့ကြသည်။ ထိုနယ်ချဲ့အုပ်စုထဲမှ ဗြိတိသျှတို့က အိန္ဒိယမှတစ်ဆင့် တရုတ်သို့ဝင်ရောက်ရန် မလက္ကာရေလက်ကြားကို ဖြတ်ရခြင်း၊ တောင်တရုတ်ပင်လယ်ပြင်ကို ကျော်ရခြင်းစသည့် အချိန်ဖင့်နွှဲမှုမရှိဘဲ မြန်မာနိုင်ငံ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်ပြီး ထိုမှတစ်ဆင့် ကုန်းကြောင်းလမ်းမှ ဝင်ရောက်ရန် ရည်ရွယ် ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက်အထားများ ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းကလည်း အမေရိကန်နှင့် အပေါင်းပါတပ်များသည် အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံကို ဆက်သွယ်သည့် လီဒိုလမ်းမကြီးကို အပူတပြင်းဖောက်လုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ၁၇၂၆ ကီလိုမီတာရှည်လျားသည့် လီဒိုလမ်းမကြီးသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် လီဒိုမြို့မှစတင်ကာ မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကိုဖြတ်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းမြို့သို့ ချိတ်ဆက်ထားပြီး စစ်အတွင်းက အမေရိကန်နှင့်အပေါင်းပါတပ်များအတွက် အဓိကပို့ဆောင်ဆက်သွယ်ရေး လမ်းမကြီးဖြစ်ခဲ့သည်။

ယင်းဥပမာသာဓကအချို့ကို ကြည့်ရုံနှင့်ပင် မြန်မာနိုင်ငံတည်ရှိနေသော ပထဝီအနေအထားက ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ၏ ပထဝီ နိုင်ငံရေးသော့ချက်ကျမှုကို အကဲဖြတ်သုံးသပ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက် ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး အနောက်မြောက်နှင့် မြောက်ပိုင်းတွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းဒေသများ ဆက်စပ်နေသည်။ အရှေ့ဘက်တွင် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတို့ တည်ရှိနေသည်။ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့၊ ကပ္ပလီ ပင်လယ်အော်တို့နှင့် ဆက်စပ်နေသည်။

မြန်မာနိုင်ငံ၏ မြောက်ဘက်တွင် လူဦးရေသန်းပေါင်း ၁၃၀၀ ခန့်ရှိသည့် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် လူဦးရေသန်း ၁၁၀၀ ခန့်ရှိသည့် အိန္ဒိယနိုင်ငံနှင့်လူဦးရေသန်း ၁၄၀ကျော်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် အရှေ့တောင်ဘက်တွင် လူဦးရေ ၆၅ သန်းကျော် ရှိသည့် ထိုင်းနိုင်ငံတို့ တည်ရှိနေကြပါသည်။

နိုင်ငံနယ်နိမိတ်သည် မိုင်ပေါင်း ၅၂၀၀ခန့်ရှည်လျားကာ အဆိုပါ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၀ ကျော် ထိစပ်နေပါသည်။ တရုတ်နိုင်ငံနှင့် ၁၃၅၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင် နယ်နိမိတ်ချင်း ထိစပ်နေခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံကြီးများအနီးတွင် ပထဝီအနေအထားအရ အချက်အချာကျစွာ တည်ရှိနေသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်ခုအနေဖြင့် အရေးအကြီးဆုံး အမျိုးသားရေးအကျိုးစီးပွားမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပင်ဖြစ်ကြောင်း လေ့လာဆန်းစစ်နိုင်ကြရမည်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားရေး အကျိုးစီးပွား (National Interest)ကိုသာ ဦးစားပေး မျှော်ကိုးလုပ်ဆောင်ကြစမြဲဖြစ်ကြောင်း သိရှိထားကြရန်လည်း လိုအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင် ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်စလုံး ထိုနိုင်ငံသားတို့၏ လက်ဝယ်တွင် ရှိနေရမည်ဖြစ်သည်။ ထိုအာဏာသုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင်နိုင်ငံသည် ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်ကို ပြန်ကြည့်ပါက ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးလျှင်ပြီးချင်း အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့ ဝါဒရေးရာများ ယှဉ်ပြိုင်လာခဲ့ကြသည့် စစ်အေးကာလဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုကာလတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးအခင်းများတွင် မည်သည့်အုပ်စုတွင်မှ မပါဝင်ဘဲ အမှန်တရားဘက်မှ ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးခဲ့ပါသည်။

စစ်အေးကာလအတွင်း ကမ္ဘာနှင့်ချီသည့်စစ်ပွဲကြီးများ မဖြစ်ပွားခဲ့သော်လည်း ၁၉၅၀-၅၁ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကိုရီးယားစစ်ပွဲသည် ဒေသအဆင့်မှ ကမ္ဘာစစ်ကြီး ဖြစ်လုနီးပါး အခြေအနေထိ ဆိုက်ရောက်ခဲ့သည်။ ထိုကာလမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်နိုင်သည့် တရုတ်ကွန်မြူနစ်ပါတီအား တိုက်ခိုက်ရန်အတွက် CIA က တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များကို လက်နက်များ

ကျော်မင်းအေး

တပ်ဆင်ပေးပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော် ခြေကုပ်ယူစေခဲ့ပါသည်။ တရုတ်ဖြူကျူးကျော်မှုကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ခိုက်ခဲ့ရပြီး ကုလသမဂ္ဂသို့လည်း တိုင်ကြားဖြေရှင်းခဲ့ရသည်။ တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များကို ၁၉၆၁ခုနှစ်အထိ တိုက်ထုတ်ခဲ့ရသဖြင့် ၎င်းတို့ ဆယ်နှစ်ဆယ်မိုး ပေးသွားသော နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သည့် ပြည်တွင်းသောင်းကျန်းမှုဒဏ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ယနေ့တိုင် မြန်မာနိုင်ငံအနေဖြင့် ဖြေရှင်းနေရဆဲဖြစ်ပါသည်။

ယင်းအခြေအနေများအရ မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံ ပူးပေါင်းပြီး ၁၉၅၄ခုနှစ် ဇွန်လတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုချမှတ်ပြီး လိုက်နာကျင့်သုံးကြရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်မှာ-

(က) တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊
(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊
(ဂ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊
(ဃ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊
(င) ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရန် တို့ဖြစ်ပါသည်။

ယင်းကာလမှာပင် ၁၉၅၄ခုနှစ် စက်တင်ဘာလတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ သြစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ထိုင်းနှင့် ဖိလစ်ပိုင် ရှစ်နိုင်ငံတို့ စစ်ရေးဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခဲ့သော အရှေ့တောင်အာရှ စာချုပ်အဖွဲ့ (South East Asia Treaty Organization-SEATO)ပေါ်ပေါက်လာသည်။

မြန်မာနိုင်ငံသည် ဝါဒရေးရာယှဉ်ပြိုင်မှု
တွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာ
မူကြီး(၅)ချက်ကိုသာ တစိုက်မတ်မတ်
ယင်းမူကြီး(၅)ချက်သည် ယနေ့အဖွဲ့ဝင်
ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ အခြေခံ
အလက်များဖြစ်ခဲ့ပါသည်။ ဘက်မလိုက်လှု
ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ကျင်းပ
ကွန်ဖရင့်မှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မ
ဖော်ဆောင်သူအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သ

အရှေ့တောင်အာရှဒေသတွင် ဆင်နွှဲလ
ပြိုင်မှုနှင့် အုပ်စုတိုက်ပွဲကြောင့် တောက်လော
စစ်မီးသည် ၁၉၆၀ပြည့်လွန်နှစ်များ အစ
ကူးစက်လောင်ကျွမ်းခဲ့ပြန်သည်။ ထိုနှစ်များမှ
ပြည်ထောင်စုကြီးမှ ခွဲထွက်ပြီး SEATO
ဝင်ရောက်မည့် လှုပ်ရှားမှုများ ကြီးထွ
တွေ့ရှိနိုင်ပါသည်။

သို့ရာတွင် **မိမိနိုင်ငံ၏ ပြည်တွင်းရေ**
အင်အားဖြင့်သာ ပြေလည်အောင် မြန်မာနိ
ခဲ့ပါသည်။ ပြည်ပ ပယောဂကြောင့် ဖြစ်ပေါ်
ဟူသမျှအပေါ် ပြည်ပမှ ဝင်ရောက်စွက်ဖ
တိုင်းရင်းသားပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်
နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြ
တည်တံ့ခိုင်မြဲမှုကို ပြဆိုနေပါသည်။

မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်မှ စတ
မလိုက်သော နိုင်ငံခြားရေးဝါဒမှသည် လွ
နိုင်ငံခြားရေးဝါဒအဖြစ် ပြောင်းလဲကျင့်သုံးပြ
အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှု
၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွ
ရယူထမ်းဆောင်ခဲ့သော တပ်မတော်အစိ
တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက
နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတက
အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံအ
ရပ်တည်နိုင်လျက်ရှိကြောင်း လေ့လာတွေ့

တပ်မတော်အစိုးရလက်ထက်တွင် မြန်မ
ဇူလိုင်လ၌ အရှေ့တောင်အာရှနိုင်ငံများအသ
နိုင်ငံဖြစ်လာခဲ့ပြီး ထိုနှစ်ဒီဇင်ဘာလ၌ ကဏ္ဍစုံ
ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လ
ပြုမှုအစီအစဉ်(Bay of Bengal Initiativ
Technical and Economic Coope

မြန်မာနိုင်ငံသည် ဝါဒရေးရာယှဉ်ပြိုင်မှုနှင့် အုပ်စုအားပြိုင်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုသာ တစိုက်မတ်မတ် လိုက်နာကျင့်သုံးခဲ့သည်။ ယင်းမူကြီး(၅)ချက်သည် ယနေ့အဖွဲ့ဝင် ၁၁၈နိုင်ငံ ပါဝင်သည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ အခြေခံမူများ၏ အခြေခံအချက်အလက်များဖြစ်ခဲ့ပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သည် ၁၉၅၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ကျင်းပခဲ့သည့် အာရှ- အာဖရိက ကွန်ဖရင့်မှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကနဦး ဖော်ဆောင်သူအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် ဆင်နွှဲလာသော ဝါဒရေးရာယှဉ်ပြိုင်မှုနှင့် အုပ်စုတိုက်ပွဲကြောင့် တောက်လောင်ခဲ့ရသော ဒေသဆိုင်ရာစစ်မီးသည် ၁၉၆၀ပြည့်လွန်နှစ်များ အစတွင် ဗီယက်နမ်နိုင်ငံကို ကူးစက်လောင်ကျွမ်းခဲ့ပြန်သည်။ ထိုနှစ်များမှာပင် မြန်မာနိုင်ငံ၌လည်း ပြည်ထောင်စုကြီးမှ ခွဲထွက်ပြီး SEATOစစ်အုပ်စုနှင့် ဆက်သွယ်ဝင်ရောက်မည့် လှုပ်ရှားမှုများ ကြီးထွားကျယ်ပြန့်လာကြောင်း တွေ့ရှိနိုင်ပါသည်။

သို့ရာတွင် **မိမိနိုင်ငံ၏ ပြည်တွင်းရေးကို မိမိ၏ ပြည်တွင်းအင်အားဖြင့်သာ ပြေလည်အောင် မြန်မာနိုင်ငံအနေဖြင့် ဖြေရှင်းနိုင်ခဲ့ပါသည်။ ပြည်ပ ပယောဂကြောင့် ဖြစ်ပေါ်လာခဲ့သော အရေးကိစ္စဟူသမျှအပေါ် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်မခံဘဲ တိုင်းရင်းသားပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် တည်တံ့ခိုင်မြဲမှုကို ပြဆိုနေပါသည်။**

မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်မှ စတင်၍ လွတ်လပ်၍ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒမှသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒအဖြစ် ပြောင်းလဲကျင့်သုံးပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှု ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော် တာဝန်ကို ရယူထမ်းဆောင်ခဲ့သော တပ်မတော်အစိုးရသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်း အဝိုင်းအတွင်း အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံအဖြစ် ကျယ်ပြန့်ခိုင်မာစွာ ရပ်တည်နိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိ နိုင်ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ထိုနှစ်ဒီဇင်ဘာလ၌ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ ယင်းသို့ဖြင့် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသနှစ်ခုအကြားတွင် နိုင်ငံရေး၊ စီးပွားရေး အချက်အချာကျသည့် မြန်မာနိုင်ငံ၏ ရပ်တည်မှုအနေအထားကို ပိုမိုမြင့်မားလာစေခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကျယ်ပြန့်တိုးတက်ခိုင်မာလာမှုကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များကို အထောက်အကူပြုလျက် ရှိသည်။ အိန္ဒိယ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒနှင့်စပ်လျဉ်းပြီး အိန္ဒိယပြည်ပရေးရာ ဝန်ကြီးက-

"မြန်မာနိုင်ငံနဲ့ အိန္ဒိယတို့ ပထဝီအနေအထားအရ နီးစပ်မှု၊ ယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်အစဉ်အလာများ တူညီနေခြင်းတို့က ကဏ္ဍများစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကောင်းများ ချမှတ်ပေးနိုင်ခဲ့ကြောင်း"

ပြောကြားထားပါသည်။

ထို့အတူ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံအား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကူအညီများပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုဟူသော ရပ်တည်ချက်ဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းမှုကို အားပေးကူညီလျက် ရှိနေပါသည်။

ထို့အပြင် တရုတ်နှင့်အိန္ဒိယတို့သည် ၎င်းနှစ်နိုင်ငံရှိ သန်းပေါင်း ၂၄၀၀ မျှသော ပြည်သူများ၏ အကျိုးစီးပွားကို ကြီးမားကျယ်ပြန့်စွာ ဖော်ဆောင်နိုင်ရေးအပြင် အာရှနှင့်ကမ္ဘာ့ပြည်သူများ အကျိုးစီးပွားအတွက်ပါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်များ ပိုမိုရရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

သာဓကတစ်ခုအနေဖြင့် ယခုအခါ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရေးရည်မှန်းချက်အရ ဖောက်လုပ်ခဲ့သော အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံဆက်သွယ်သည့် လီဒိုလမ်းမကြီးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို စိတ်တူကိုယ်မျှ ချမှတ်ခဲ့ကြသည့် အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံတို့အတွက် စီးပွားရေး၊ လူမှုရေးအထောက်အကူပြု ချစ်ကြည်ရေးလမ်းမကြီးအဖြစ် ပြန်လည်ပေါ်ထွန်းလာပြီဖြစ်ပါသည်။

ယခု ၂၀၀၇ ခုနှစ်အတွင်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တန်ချောင်မြို့နှင့် မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကြားရှိ ၁၇၆ ကီလိုမီတာလမ်းပိုင်း ပြန်လည်ချိတ်ဆက်ခြင်း အခမ်းအနားကို တရုတ်-မြန်မာနယ်စပ် ကမ်ပိုက်တီးမြို့၌ ကျင်းပနိုင်ခဲ့သည်။ တရုတ်အစိုးရက ယင်းလမ်းပိုင်းအတွက် ရန်ပုံငွေယွမ် ၁ ဒသမ ၂၃ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ သုံးပုံနှစ်ပုံသည် မြန်မာနိုင်ငံဘက်ရှိ လမ်းပိုင်းအတွက် သုံးစွဲရန်ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံဘက်ရှိ လမ်းပိုင်းကိုလည်း ပြန်လည်ဖောက်လုပ်နေပြီ ဖြစ်သည်။

ယင်းသည် တရားမျှတမှု၊ တည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုတို့ကို အိမ်နီးချင်းမိတ်ဆွေ ကောင်းပီသစွာ ထာဝစဉ်ရှေးရှု ရပ်တည်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေး၏ ဂုဏ်ဒြပ်ကို အိမ်နီးချင်းနိုင်ငံများက လေးစားသမှု ပြုနေခြင်းပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

...လ ၁၈ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ...တ်အစိုးရသည် လွတ်လပ်၍တက်ကြွသော ...ကျင့်သုံးခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသ ...သိုင်းအဝိုင်းအတွင်း အိမ်နီးချင်းကောင်း၊ ...ယ်ပြန့်ခိုင်မာစွာ ရပ်တည်လာနိုင်လျက်ရှိ။

...းချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းစွာ ...နီးချင်း မိတ်ဆွေကောင်း ပီသစွာ ထာဝစဉ် ...ရှိသော မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ ...မာ့လွတ်လပ်ရေး၏ဂုဏ်ဒြပ်ကို အိမ်နီးချင်း ...ခြင်းပင်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဓာတ်ပုံ-ဦးစိုင်းခမ်းလင်း(Hawk Eyes)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသာအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး တို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သမိုင်းထဲက ဇာတိမာန်

* သိတယ်မဟုတ်လား
ကျန်စစ်သားနဲ့ ဘုရင့်နောင်
ဦးအောင်ဇေယျတို့ခေတ်
အမျိုးချစ်တဲ့ ဇာတိမာန်
နိုင်ငံကိုတည်ဆောက်
ဂုဏ်မြောက်တဲ့သမိုင်း
တိုက်ပွဲတိုင်း နိုင်ခဲ့တယ်
ခိုင်မာတဲ့မော်ကွန်း
ဖော်ညွှန်းလို့မဆုံး၊ ဘုန်းမီးနေလ
တောက်ပရွှန်းလက်၊ ပြက်ပြက်ထင်ထင်
သိစေချင်ရဲ့၊ "သခင်မျိုးဟေ့-ဒို့မြန်မာ"။

* သိတယ်မဟုတ်လား
ကုလားဖြူနယ်ချဲ့၊ ကျူးကျော်တဲ့စစ်ပွဲ
အလံမလှဲခဲ့ဘူး၊ ရဲရဲတောက်ဇာတိမာန်
တော်လှန်တဲ့အထွတ်အပွတ်၊ မြင့်မြတ်တဲ့သူရဲကောင်း
သမိုင်းကြောင်းက မွေးဖွား
ကျားဆိုမှကျား၊ တိုက်ပွဲများအသချေ
သွေးပင်လယ်ဝေတဲ့အထိ
ဗြိတိသျှဆန့်ကျင်ရေး၊ အသက်ပေးကြ
အရေးတော်ပုံ၊ အခါကြုံတော့
ဂျပန်ဆရာစံနဲ့၊ ရေနံမြေသခင်ဘိုးလှကြီး
သမိုင်းဘီးဆက်ထုံး၊ တာဝန်လုံးလုံးကျေခဲ့တယ်။

* ဂုဏ်ရောင်ရွှန်းပြက်
လင်းလက်တောက်ပ၊ မြန်မာ့တပ်မတော်
ဖြစ်ပေါ်ဖွဲ့စည်း၊ ခရီးဆက်ခဲ့
အသက်သွေးချွေး၊ ပေးဆပ်ခဲ့အဖြစ်
နှံ့နစ်နေတဲ့ ကျွန်ဘဝ
လွတ်မြောက်ကြရန်၊ ဇာတိမာန်မျိုးချစ်စိတ်နဲ့
နိုင်ငံလွတ်လပ်ရေး၊ အရယူပေးခဲ့တယ်။

* သမိုင်းအဆက်ဆက်၊ အသက်သွေးချွေး
ပေးဆပ်စွန့်လွှတ်၊ လွတ်လပ်ရေးကို
မပြိုမလဲ၊ ခိုင်မြဲစေရန်
ဇာတိမာန်ဖြင့်၊ မြဲမြံသစ္စာဆိုကြမယ်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဒေါင်းနွယ်စိုး

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဒီဇင်ဘာ ၃၁

အင်္ဂလိပ်ရွေးကောက်ပွဲရက် ထုတ်ပြန်ကြေညာ

အင်ဂိုလာပါလီမန် ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ် စက်တင်ဘာ ၅ရက်နှင့် ၆ရက်အတွင်း ကျင်းပမည်ဖြစ်ကြောင်း အင်ဂိုလာသမ္မတ ဟိုဆေးအက်ဒွါဒိုဒေါ့စ်ဆန်းတို့စ်က ကြေညာသည်။ ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမအကြိမ် ရွေးကောက်ပွဲဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို အင်ဂိုလာအစိုးရက ပထမဆုံးအကြိမ် တိတိကျကျ ကြေညာခြင်းဖြစ်သည်။

နီပေါဘုရင်စနစ်ပယ်ဖျက်ရန် မဲခွဲဆုံးဖြတ်

နီပေါနိုင်ငံ ဘုရင်စနစ်ကို ပယ်ဖျက်ရန် ပါလီမန်က သောကြာနေ့တွင် မဲခွဲဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ ရှေ့နှစ်မှသာ စတင်အကျိုးသက်ရောက်မည် ဖြစ်သည်။

ဘုရင်စနစ် ဖျက်သိမ်းမှုပါဝင်သည့် သဘောတူညီမှုရရှိပြီးနောက် နီပေါ မော်ဝါဒီများသည် အစိုးရအဖွဲ့တွင် ပြန်ပါဝင်လာသည်။

နှစ်သစ်ကူးအကြို မီးရှူးမီးပန်းလွှတ်ပွဲဖျက်သိမ်း

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်တွင် လုံခြုံရေးအခြေအနေကြောင့် အစဉ်အလာ နှစ်သစ်ကူးအကြို မီးရှူးမီးပန်းလွှတ်ပွဲ ပြုလုပ်သည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။

ဈေးပွဲခင်းကိုလည်း တစ်ညလုံးဖွင့်မည့်အစား ညနေ၆ နာရီအထိသာဖွင့်မည်။ ထို့ပြင် မိုးလုံလေလုံ အထူးဖန်တီးထားသော ရေခဲပြင်ကိုပင် စောစောပိတ်မည်ဟု ကြေညာသည်။

စစ်သွေးကြွများကိုတိုက်ဖျက်ရန် သမ္မတနှစ်ဦးသဘောတူ

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်နှင့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့ အစ္စလမ္မစ် စစ်သွေးကြွများအား ပူးပေါင်းတိုက်ဖျက်ရန် နှစ်ဦးသဘောတူ အာမခံပြောကြားသည်။

နှစ်နိုင်ငံပြည်သူတို့ အကြမ်းဖက်မှုဒဏ်ကို ကြုံတွေ့ခံစားနေကြရကြောင်း အစ္စလမ္မာဘတ်မြို့၌ တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အင်္ဂါဂြိုဟ်လိုက်မည့်ယာဉ်မှူးများ ရုရှားရွေးချယ်မည်

ရုရှားနိုင်ငံ၏ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးခရီးစဉ်တွင် လိုက်ပါမည့် အာကာသယာဉ်မှူးများကို ရုရှားနိုင်ငံက ရွေးချယ်လေ့ကျင့်ပေးရန် စီစဉ်လျက်ရှိသည်။

ရုရှားလေးဦးနှင့် ဥရောပတိုက်သား နှစ်ဦးတို့ကို စာရင်းသွင်းမည်။ ပထမအဆင့် စမ်းသပ်မှုမှာ နိုဝင်ဘာ ၂၉ ရက်က ပြီးဆုံးပြီး၊ ၁၀၅ ရက်ကြာ ဒုတိယအဆင့် စမ်းသပ်မှုကို ဖေဖော်ဝါရီလလယ်တွင် စတင်မည်။ အမေရိကန်က အလားတူ ကြံစည်ကြောင်း ပြသပြီးနောက် ရုရှားက အင်္ဂါဂြိုဟ်သို့ လူလွှတ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံက ထုတ်ပြန်ကြေညာသည်။

ပီရူးနိုင်ငံပို့ကုန် ၂၀၀၇ခုနှစ်၌ စံချိန်တင်မြင့်တက်

ပီရူးနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ယခင်နှစ်ကထက် ၁၈ ရာခိုင်နှုန်းပိုကာ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံအထိ စံချိန်တင်လိုက်ကြောင်း ပီရူးပြည်ပကုန်ပစ္စည်း တင်ပို့သူများအသင်းက ကြေညာသည်။

၂၀၀၈ ခုနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံအထိ မြင့်တက်မည်ဟုလည်း မျှော်မှန်းထားသည်။

တရုတ်မိသားစု စီမံကိန်းသမိုင်းစာအုပ်ထုတ်ဝေ

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း တရုတ်နိုင်ငံ၏ လူဦးရေနှင့် မိသားစုစီမံကိန်း ကြိုးပမ်းမှုများနှင့် အောင်မြင်မှုများကို မှတ်တမ်းတင်သည့် ပထမဆုံးစာအုပ်ကို တရုတ်နိုင်ငံက ထုတ်ဝေလိုက်သည်။

ဓာတ်ပုံများနှင့် ဝေဝေဆာဆာထုတ်ဝေသည့် ယင်းစာအုပ်ကို တရုတ်နိုင်ငံ အမျိုးသား လူဦးရေနှင့် မိသားစုစီမံကိန်းကော်မရှင်က ပြုစုရေးသားသည်။

တရားမဝင်ပြောင်းရွှေ့မှု အီတလီနှင့် လစ်ဗျားတိုက်ဖျက်မည်

အာဖရိကတိုက်မှ ဥရောပသို့ တရားမဝင် ပြောင်းရွှေ့လာမှုများ တိုက်ဖျက်ရန်အတွက် လစ်ဗျားကမ်းခြေကို ပူးတွဲစောင့်ကြပ်ရန် အီတလီနှင့်လစ်ဗျား နှစ်နိုင်ငံ သဘောတူလက်မှတ်ထိုးလိုက်သည်။

နှစ်နိုင်ငံ သဘောတူညီချက်မှာ လူ့အသက်များစွာကို ကယ်ဆယ်ရန်နှင့် ရာဇဝတ်ဂိုဏ်းများကို ဖြိုဖျက်ရန်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာသည်။ လူမှောင်ခိုမှုများ တိုက်ဖျက်ရန် နှစ်နိုင်ငံပိုမိုပူးပေါင်း ဆောင်ရွက်ရန်ဖြစ်သည်ဟု ဆို၏။

ပင်လယ်ဒီရေတက်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဘိုဂျိုနီဂိုရိုမြို့တွင် ဒီဇင်ဘာ ၃၁ ရက်က ပင်လယ်ဒီရေတက်မှုကြောင့် ရေလွှမ်းမှုဆိုးရွားစွာ ဖြစ်ပေါ်နေသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

မီးလောင်ပျက်စီး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ မြောက်ပိုင်း ဘိုကူမြို့တွင် ဒီဇင်ဘာ ၃၁ ရက်က ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင် မီးလောင်ပျက်စီးခဲ့သည့် မြင်ကွင်း...။

(အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



- *တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဂျွန်ဂူးမြို့တွင် ဒီဇင်ဘာ ၃၁ ရက် နံနက်က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ရာ ကားလမ်းများပေါ်တွင် ဆီးနှင်းထု သုံးပေကျော်အထိ ဖုံးလွှမ်းခဲ့သည်။*
- **ဟန်ဂေရီနိုင်ငံ ဘတ်စ်တောင်တွင်ရှိသော ရေတံခွန်သည် ဒီဇင်ဘာ ၃၀ ရက်က ရေခဲသွားရာ ထိုရေခဲနေသော ရေတံခွန်ပေါ်မှ တောင်ထိပ်သို့ ဟန်ဂေရီနိုင်ငံသားတောင်တက်သမားတစ်ဦးက မည်သည့်အထောက်အကူပြုပစ္စည်းမှမပါဘဲ တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။** (ယာပုံ)
- *လွန်ခဲ့သော နှစ် ၈၀၀ ခန့်က တောင်တရုတ်ပင်လယ်ပြင်တွင် နစ်မြုပ်ခဲ့သော ကုန်တင်သင်္ဘောတစ်စင်းအား ပြန်လည်ဆယ်ယူခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်၌ ကွမ်တုန်ပြည်နယ် အမျိုးသားပြတိုက်သို့ ပေးပို့ခဲ့သည်။*
- **မလေးရှားနိုင်ငံ လာဘူအင်ကျွန်းအနီး ဘရူနိုင်းပင်လယ်ကွေ့၌ ဒီဇင်ဘာ ၃၀ ရက်က လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံရသဖြင့် ထိုင်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့သည်။**
- *မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့တွင် ဒီဇင်ဘာ ၃၀ ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ရာ အမြင့်ပေ ၃၀ ရှိသော ပင်လယ်လှိုင်းလုံးများ ဖြစ်ပေါ်ခဲ့သည်။*
- **အင်ဒိုနီးရှားနိုင်ငံ ဆာဘန်မြို့မှ မီဒန်မြို့သို့ ဒီဇင်ဘာ ၃၀ ရက်က ပျံသန်းလာသော အင်ဒိုနီးရှားလေတပ် လေယာဉ်တစ်စင်း အာချေးပြည်နယ် ဆာဘန်မြို့ကမ်းလွန်၌ ပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။**
- *ဂရိနိုင်ငံ အေသင်မြို့အနီးတွင် ဒီဇင်ဘာ ၃၀ ရက်က မော်တော်ယာဉ်တစ်စီးအရှိန်လွန်ပြီး ချောက်ထဲထိုးကျခဲ့ရာ ငါးဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။*
- **တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း မူဒန်ကျန်းမြို့အနီးရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခု၌ ဒီဇင်ဘာ ၃၀ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ၁၉ဦး သေဆုံးခဲ့သည်။**
- *ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မြောက်ဘက် ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၃၀ ရက်က စက်လှေနှစ်စင်းတိုက်မိခဲ့ရာ နှစ်ဦးပျောက်ဆုံးပြီး တစ်ဦး ဆေးရုံတင်ပို့လိုက်ရသည်။*
- **တူရကီနိုင်ငံ အင်ကာရာမြို့တွင် ဒီဇင်ဘာ ၃၀ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ ရှိ မြေငလျင်လှုပ်ခဲ့ရာ အင်ကာရာမြို့၌ အဆောက်အအုံ ၉၄၅ ခု ပျက်စီးခဲ့ရပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။**

တရုတ်နိုင်ငံ ခရီးသည်တင် လေယာဉ်ကုမ္ပဏီ အစင်းရေ ၂၀ အမှာစာ ထပ်မံရရှိ

ပေကျင်း ဒီဇင်ဘာ ၃၁

တရုတ်နိုင်ငံ မော်ဒန်အေအာရ်ကေ–၆၀ (အမ်အေ–၆၀) အမျိုးအစားခရီးသည်တင် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ပြီးခဲ့သည့်သီတင်းပတ်အကုန်က လေယာဉ်အစင်း ၂၀ ဝယ်ယူမှုနှင့် ငှားရမ်းမှု အမှာစာထပ်မံရရှိခဲ့ရာ စုစုပေါင်း ၁၁၆စင်း အမှာစာရရှိထားပြီး ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်လ်မြို့၌ ကျင်းပသည့် ၂၀၀၇ခုနှစ် အလှမယ်ပြိုင်ပွဲတွင် ရွေးချယ်ခံရသူ အလှမယ်တစ်ဦးကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စီးအန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်(အိက်စ်အေစီ)သည် ယူနန်ယင်အန်လေကြောင်း၊ အေဗွီအိုင်စီ–၁ ငှားရမ်းရေးကုမ္ပဏီတို့နှင့် တာဗိုဂျက်အင်ဂျင်နှစ်လုံးတပ်ခရီးသည်တင် လေယာဉ်အစင်း ၂၀ ဝယ်ယူရေးနှင့် ငှားရမ်းရေးစာချုပ်ချုပ်ဆိုခဲ့ကြောင်း တရုတ် လေယာဉ် ထုတ်လုပ်ရေး ကော်ပိုရေးရှင်း–၁ (အေဗွီအိုင်စီ–၁)က ဒီဇင်ဘာ ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

ပေးပို့ရမည်

လေယာဉ်အစင်း ၂၀အနက် ၁၀ စင်းကို ဝယ်ယူရေးနှင့် ငှားရမ်းရေး စာချုပ်ချုပ်ဆိုခဲ့ပြီး ကျန် ၁၀စင်းကိုမူ အင်တာနက်မှ အမှာစာရရှိခဲ့သည်။ ပထမလေယာဉ် ၁၀စင်းကို ၂၀၀၈ခုနှစ် မေလမှ စတင်ကာ သုံးသုတ်ခွဲ၍ ထုတ်လုပ်ပေးပို့ရမည် ဖြစ်သည်။

လိုက်ပါနိုင်

အမ်အေ–၆၀ လေယာဉ် အမျိုးအစားသည် တရုတ်မှ ထုတ်လုပ်သော လေယာဉ်များတွင် ယနေ့အထိ အအောင်မြင်ဆုံး လေယာဉ်ဖြစ်သည်။ ၎င်းသည် ထွက်ခွာပျံသန်းစဉ် အများဆုံး အလေးချိန် ကီလိုဂရမ် ၂၁,၈၀၀ ရှိပြီး ခရီးသည် ၆၀အထိ လိုက်ပါနိုင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လုပ်ငန်းခွင်

တရုတ်နိုင်ငံလုပ် ကျန်လင်းပြည်နယ်ရှိ မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် ကျန်လင်းကုမ္ပဏီ၏ လုပ်ငန်းခွင်ကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

၂၀၀၇ခုနှစ် အင်ဒိုနီးရှား ရေနံထုတ်လုပ်မှု လျာထားသည့်နှုန်းအောက် လျော့ကျသွားခဲ့

ဂျကာတာ ဒီဇင်ဘာ ၃၁

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ တစ်နေ့လျှင် ပျမ်းမျှ ရေနံစည်ပေါင်း ၈၉၉၀၀၀သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခုနှစ်အစိုးရက လျာထားသည့် တစ်နေ့လျှင်စည်ပေါင်း ၉၅၀၀၀၀ ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်အောက် လျော့နည်းခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဒီဇင်ဘာ ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

ရေနံထုတ်လုပ်မှု လျော့ကျခဲ့ခြင်းကြောင့် ၂၀၀၆ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၂ဒသမ ၀၅ ဘီလီယံရရှိရာမှ ယခုနှစ်တွင် ခန့်မှန်းခြေ ဒေါ်လာ ၁၈ဒသမ ၅၅ ဘီလီယံသို့ လျော့ကျသွားခဲ့ကြောင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနနောက်ဆုံးစာရင်းဇယားများကို ကိုးကားလျက် ကွမ်ပက်စ်သတင်းစာတွင် ဒီဇင်ဘာ ၃၁ရက်၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒီဇင်ဘာလတွင် တစ်နေ့လျှင် ပျမ်းမျှရေနံစည်ပေါင်း ၈၁၀၀၀၀သာ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ထုတ်လုပ်မှုအနည်းဆုံးလ ဖြစ်သည်။ ၂၀၀၈ခုနှစ်တွင် တစ်နေ့လျှင် ပျမ်းမျှရေနံစည်ပေါင်း ၁ ဒသမ ၃၀ သန်း ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း ယင်းသတင်းစာတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာ မှုခင်း

ကိုးကားရေးဖွဲ့သူ – ချစ်စိုးနိုင်

သံသယနွံတွင်း သက်ဆင်းခဲ့မိရာဝယ်

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ နယူးယောက်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ကမ္ဘာအရပ်ရပ်မှ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ရာ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်သည်။

ခံစားမိ

နယူးယောက်မြို့သည် ပင်လယ်ရှုခင်းများဖြင့် သာယာလှပသည်။ ယင်းသို့လှပသည့် နေ့ရက်များထဲတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်သည် မာတင်တန့်ခ်လက်ဖ်အဖို့ အလှပဆုံး နေ့ရက်ဟု သတ်မှတ်မိသည်။ မာတင်အနေဖြင့်နယူးယောက်မြို့ကြီး၏ အလှအပများကို တစ်ဝကြီးခံစားပြီး မျက်စိထဲတွင် မြင်မြင်သမျှ အရာအားလုံး လှပနေလေတော့သည်။ အဆိုပါနေ့သည် အသက် ၃၆ နှစ်အရွယ်ရှိ မာတင်ကို ဒုတိယအကြိမ်မွေးဖွားခဲ့သောနေ့ဖြစ်သောကြောင့်ပင်တည်း။ ပထမအကြိမ်တွင် မိခင်ဖြစ်သူက မွေးဖွားခဲ့ပြီး ယခုမူ သူ့ကိုယ်သူ ဒုတိယအကြိမ် မွေးဖွားလာသူဟု ခံစားမိလေသည်။

ထိုသို့ ခံစားရခြင်းမှာအကြောင်း ရှိလေသည်။ ယင်းအကြောင်းကို ပြန်ပြောင်းတွေးမိသောအခါ မာတင်အနေဖြင့် လွန်ခဲ့သော၁၉ နှစ်ဖြစ်သော ၁၉၈၈ခုနှစ်က အဖြစ်အပျက်များသည် စိတ်ထဲတွင် တရေးရေးပေါ်လာတော့သည်။ ထိုစဉ်က အဖေ၊ အမေနှင့် သူတို့သုံးဦး စုံစုံလင်လင်ရှိသော မိသားစု ဘဝကလေးမှာ ပျော်ရွှင်မှုများဖြင့် အတိပြီးနေခဲ့သည်။ မာတင်သည် တစ်ဦးတည်းသော သားဖြစ်သဖြင့် မိဘနှစ်ပါး၏ အထူးချစ်ခင်အလိုလိုက် အရေးပေးမှုကို ခံရသော်လည်း မိဘများအပေါ်တွင် အခွင့်အရေးယူ ဆိုးတေခြင်း မရှိခဲ့ပေ။ မိဘအပေါ် သိတတ်သော သားလိမ္မာတစ်ဦးဖြစ်သည်။ မာတင်သည် ပညာရေးကို အပတ်တကုတ် ကြိုးစားသင်ယူခဲ့ရာ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသားဖြစ်နေပေပြီ။ ထိုသို့ မိသားစု ပျော်ရွှင်စွာ နေထိုင်လာရင်းမှ ၁၉၈၈ နှောင်းပိုင်းနှစ်ကုန်ခါနီး ကျောင်းအားရက် တစ်ရက်တွင် နံနက်ပိုင်းကတည်းက သူငယ်ချင်းဖြစ်သူ၏ အိမ်သို့ သွားရောက်ကာ ကျောင်းစာများ အတူတကွ ကျက်မှတ်ကြသည်။ ဘဝအတွက် အဆုံးအဖြတ် စာမေးပွဲနီးပြီဖြစ်သဖြင့် မာတင်သည် ကျောင်းစာကို အထူး ကြိုးစားကျက်မှတ်နေရသည်။ သူငယ်ချင်း၏အိမ်သို့ စာသွားကျက်ရန် မိဘနှစ်ပါးကို နှုတ်ဆက်ခြင်းသည် နောက်ဆုံး နှုတ်ဆက်ခြင်းဖြစ်ပြီး မိဘနှစ်ပါးကို ထာဝရ ခွဲခွာရမည်ကို လည်းကောင်း၊ မိဘနှစ်ပါးနှင့် ပတ်သက်ပြီး ၎င်းအပေါ် ရာဇဝတ်ဘေး သင့်မည်ကိုလည်းကောင်း သာမန်လူသား မာတင်အနေဖြင့် စိုးစဉ်းမျှ မသိနိုင်ခဲ့ပါပေ။

စိုးရိမ်ထိတ်လန့်

မာတင်သည် သူငယ်ချင်း၏ အိမ်တွင် စာကျက်မှတ်ပြီး ည ၈နာရီခန့်တွင် အိမ်သို့ ပြန်လာခဲ့လေသည်။ ကြည်နူးစွာ ရှိနေကြသော ဖခင် ဆီမော်တန့်ခ်လက်ဖ်နှင့် မိခင် အယ်လင်တန့်ခ်လက်ဖ်တို့မှာ အိမ်ရှေ့ ဧည့်ခန်း၌ မြင်မကောင်း ရှုမကောင်းအောင် သွေးအိုင်ထဲတွင် လဲပြိုကျလျက် ရှိကြသည်။ ဖခင်ဖြစ်သူမှာ ပက်လက်အနေအထား

၁၇နှစ်ကြာ ထောင်နန်းစံခဲ့ရသူ မာတင်တန့်ခ်လက်ဖ်ကို သတင်းထောက်များက မေးမြန်းနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဖြင့် လဲကျသေဆုံးနေသည်။ ဖခင်မှာ လေးလံသော အရာဝတ္ထုဖြင့် တရစပ် ထုနှက်ခံထားရသလို ရင်ဝတွင်ဓားမြှောင်တစ်ချောင်း စိုက်ဝင်လျက်ရှိသည်။ မိခင်မှာလည်း ထိုးနည်းနှင်နှင် အရိုက်အနှက်ခံထားရပြီး ဓားရှည်ဖြင့် အခုတ်ခံရသည့် ဒဏ်ရာများကို တွေ့ရသည်။ မာတင် အဖို့ လုံးဝမခံစားနိုင်တော့ဘဲ ဖခင်၏အဖြစ်ကို မကြည့်ရက်တော့သဖြင့် ၎င်း၏ရင်ဝမှ ဓားမြှောင်ကို ဆွဲနုတ်ယူမိတော့သည်။ အသက် ၁၇နှစ်သာရှိသေးသော မာတင်အဖို့ မိဘနှစ်ပါး၏ ဖြစ်အင်ကိုကြည့်လျက် အဆုံးစွန်သော ဝေဒနာကို အရွယ်နှင့်မမျှအောင် မချိမဆန့် ခံစားလိုက်ရသည်။ ခါတိုင်းညများတွင် မိခင်၊ ဖခင်တို့၏ အသံကို အိမ်ပေါက်ဝမှပင် ကြားရသကဲ့သို့ တစ်အိမ်လုံးမီးများ ထိန်လင်းနေအောင် ထွန်းထားလေ့ရှိသည်။ ယခုမူ တစ်အိမ်လုံး မှောင်မည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်မို့ မာတင်၏ စိတ်ထဲတွင် တစ်ခါမျှ မခံစားဖူးသော စိုးရိမ်ထိတ်လန့် ပူပန်မှုမျိုးကို ခံစားလိုက်ရသည်။ ထို့ကြောင့် မာတင်သည် အိမ်တွင်းသို့ ကမန်းကတန်း ပြေးဝင်ကား မီးဖွင့်လိုက်လေသည်။

အရွယ်နှင့်မမျှ

ထိုခဏ၌ မာတင်၏ ဦးခေါင်းသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားပြီး တစ်ကိုယ်လုံးရှိ အကြောအခြင်များ တောင့်တင်းသွားကာ ကြက်သေသေသွားတော့သည်။ နံနက်က ပြုံးပျော်

သိမ်းဆည်း

အချိန်အတန်ကြာပြီး သွေးအေးသွားသော အခါကျမှ ရဲစခန်းသို့ အကြောင်းကြားရန် မာတင် သတိရတော့သည်။ ထိုသို့ အကြောင်းကြားမှုကြောင့် ရဲအဖွဲ့က လာရောက်စစ်ဆေးခဲ့ပြီး မာတင်အား စိတ်မပူရန်နှင့် တရားခံကို မကြာမီ ဖမ်းဆီးပေးမည်ဟု ပြောဆို နှစ်သိမ့်ကာ ဓားမြှောင်ကို သက်သေခံအဖြစ် သိမ်းဆည်းသွားလေတော့သည်။

ထောင်အနှစ် ၅၀

နောက်တစ်နေ့တွင် ၎င်း၏မိဘများ ရက်စက်စွာ အသတ်ခံထားရမှုကြောင့် စိတ်ထောင်းကိုယ်ကျေ ဖြစ်နေသော မာတင်မှာ တစ်ပူပေါ်နှစ်ပူဆင့် အဖြစ်မျိုးနှင့် ကြုံရတော့သည်။ အကြောင်းမှာ သက်သေခံအဖြစ် ယူသွားသော ဓားမြှောင်တွင် မာတင်၏ လက်ဗွေရာကိုသာ တွေ့ရသောကြောင့် မာတင်ကို မိဘနှစ်ပါးအား သတ်မှုဖြင့် ဖမ်းဆီးကြတော့သည်။ မာတင်အနေဖြင့် ဖခင်၏ ရင်ဝမှ ဓားမြှောင်ကို ဆွဲနုတ်ယူမိကြောင်း ရှင်းပြသော်လည်း မျက်မြင်သက်သေ မရှိသောကြောင့် တရားရုံးတွင် မည်သို့မျှ အယူခံဝင်၍ မရတော့ချေ။ မာတင်မှာ မြွေပါလည်းဆုံး သားလည်းဆုံး အဖြစ်မျိုးကို ကြုံရကာ ကြိတ်မနိုင်ခဲမရ ခံစားရသော်လည်း ဘာမျှမတတ်နိုင်တော့ချေ။ မာတင်၏ အမှုကို နှစ်နှစ်ကြာ စစ်ဆေးခဲ့ရာ ၁၉၉၀ပြည့်နှစ်ရောက်မှ အမှုကို စီရင်ချက် ချမှတ်ခဲ့သည်။ တရားရုံးက မာတင်ကို ပြစ်မှုထင်ရှားသည်ဟု ဆိုကာ မိဘနှစ်ပါးအား သတ်မှုဖြင့် ထောင်ဒဏ် နှစ်၅၀ချမှတ်ခဲ့လေသည်။ မာတင်အဖို့ ၎င်း၏မိဘနှစ်ပါး ရက်စက်စွာ အသတ်ခံရသည့်အပြင် သတ်ဖြတ်သူ အဓိကတရားခံမှာ လွတ်မြောက်နေပြီး သေဆုံးသူများ၏ သားသမီး ဖြစ်သူ ၎င်းက ထောင်ဒဏ်အနှစ် ၅၀ ကျခံခဲ့ရမှုအတွက် ဘဝတစ်သက်တာလုံး မည်သို့မျှ ဖြေမဆည်နိုင်တော့ပေ။

မာတင်သည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၄၀ပြည့်နှစ်အထိ သူ၏ထောင်ဒဏ်နှစ် ၅၀ကို ကျခံရမည်ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် မာတင်၏ အလွတ်စုံထောက်များက မာတင်၏ မိဘများ အသတ်ခံရမှုနှင့် အခြားလူသတ်မှုများတွင် မာတင်၏ဖခင်နှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက် တစ်ဦး ပါဝင်ပတ်သက်နေမှုများကို တွေ့ရှိရပြီး မျက်မြင်သက်သေများလည်း ပေါ်ပေါက်လာသည်။ ထို့အပြင်မာတင်၏ မိတ်ဆွေများ၊ မျက်မြင်သက်သေများက မာတင်၏ဘက်မှ မှန်ကန်စွာ ရပ်တည်ပေးခဲ့သောကြောင့် မာတင်သည် ထောင်ဒဏ် ၁၇နှစ်အကြာ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် မျှော်လင့်ချက် ကုန်ဆုံးနေသော သူ၏ဘဝ တစ်ဆစ်ချိုး ပြောင်းလဲမှုနှင့် ကြုံခဲ့ရသည်။ အသက် ၃၆နှစ်အရွယ်ရှိနေပြီဖြစ်သည့် မာတင်သည် ထောင်မှ ဒေါ်လာတစ်သန်းတန် အာမခံဖြင့် လွတ်မြောက်လာခဲ့သည်။ ထောင်မှအလွတ်တွင် ၎င်း၏ မိတ်ဆွေများ၊ ကူညီပံ့ပိုးသူများနှင့် မျက်မြင်သက်သေများကို ကျေးဇူးအထူး တင်ရှိကြောင်း မာတင်က ပြောကြားခဲ့သည်။

သတိပြုဆင်ခြင်ဖွယ်

မည်သို့ပင်ဆိုစေ၊ ကံမကောင်း အကြောင်းမလှခဲ့သော မှုခင်းဇာတ်လမ်း ဖြစ်ပါသည်။ မာတင်သည် တရားရုံး၏ မှားယွင်းစွာ ဆုံးဖြတ်ချက် ချမှတ်ခဲ့မှုကြောင့် အပြစ်မရှိဘဲ သံသယနွံတွင်းသို့ သက်ဆင်းမိသော မနုဿသားကောင်ပမာ ထောင်တွင်း၌ နှစ် ၂၀ နီးပါး ပေးဆပ်ခဲ့ရသည်ကား သတိပြု ဆင်ခြင်ဖွယ်ကောင်းလှပါတကား။ ။

နှစ်သစ် မွေးနေ့မင်္ဂလာဆုတောင်း

၁-၁-၂၀၀၈ရက် မင်္ဂလာနှစ်သစ်တွင် ကျရောက်သော သမီးလေး **ဖြူစင်ချမ်းသာ** ၏ (၄)နှစ်ပြည့် မွေးနေ့မှသည် ကိုယ်၊ စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် အသက်ရှည်၍ လူမျိုးဘာသာ ကောင်းကျိုးဆောင်ရွက်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

နှစ်ဖက်သော – ဘိုးဘိုး၊ ဘွားဘွား၊ ဆွေမျိုးများနှင့်
ချစ်ဖေဖေ – ဦးချမ်းသာ [LL.B, D.B.L, D.M.L, D.I.L, D.A.Psy, EMPA(II)]
ချစ်မေမေ – ဒေါ်ဥမ္မာမြင့် (ခ) ဒေါ်ဟန်နီဦး [B.A(Eco),LCCI(UK),D.B.L,D.M.L, D.I.L]
ချစ်မောင်လေး – ပြည့်စုံချမ်းသာ
ဝန်ထမ်းများ – ချမ်းသာအောင်မြင်ကုမ္ပဏီနှင့် သုခစုစုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ၊ သုခစုစုံစက်မှုလက်မှုသင်တန်းကျောင်း။

ဘဏ်ပိတ်ရက် ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ရက် (သောကြာနေ့)နှင့် ဇန်နဝါရီလ ၈ ရက် (အင်္ဂါနေ့) သည် လွတ်လပ်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်များဖြစ်ပါသဖြင့် ၎င်းနေ့များတွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

ရဟန်းရှင်လူပြည်သူအားလုံးတို့အား အကောင်းဆုံးသော ဆုလာဘ်ဖြစ်သည့် ကျန်းမာခြင်းကို ပေးလိုသည်မှာ ရွှေပြည်ဟိန်း၏ စေတနာ

ကုသိုလ်ရှင်များ ရွှေပြည်ဟိန်း(ရွှေပြည်ကိန်း)ကြပါစေ။

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း

(ကျိုက္ကဆံ ILBC တာမွေလေး၊ သံလမ်းအနီး)

ပြည်သာယာရန်ကင်း၊ ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇။

ကျေးဇူးတင်လွှာ

သားငယ်နှင့် သမီးငယ်တို့၏ ၂၉-၁၂-၂၀၀၇ရက်တွင် Methodist English Churchနှင့် Park Royal Yangon တို့တွင်ပြုလုပ်ခဲ့သည့် လက်ထပ်ထိမ်းမြားဆောင်နှင်းသည့် အခမ်းအနားနှင့်မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတို့သို့ တက်ရောက်ချီးမြှင့်ကြသည့် အသင်းအုပ်ဆရာကြီးများ၊ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ လက်ဖွဲ့ပစ္စည်းပေးပို့ကြသူများ၊ ဆုမွန်ကောင်း ပို့သကြသူများ အားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် တစ်ဦးချင်းအတွက် တုံ့ပြန်မှုမပေးနိုင်ခြင်းကို နားလည် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုးသက်မြင့်-နော်မိုးမိုးအေးစိုး။

ပြည်မြို့၊ လေးဆူစာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်း ပြုပြင်မွမ်းမံခြင်း ကုသိုလ်ပွဲ

ကုသိုလ်ပါဝင်ကြပါရန် နှိုးဆော်လွှာ

၁။ ပြည်မြို့၊ လေးဆူစာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းကြီးသည် အောက်ခံမြေသားမငြိမ်ခြင်း၊ နှစ်ကာလကြာညောင်းခြင်းတို့ကြောင့် ကွဲအက် ယိုယွင်းလာခဲ့ပါသည်။

၂။ ဂေါပကအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် စောင်းတန်းကြီး အရှည်တည်တံ့ရန် ပြုပြင်မွမ်းမံလျက်ရှိပါသည်။

၃။ သို့ဖြစ်ရာ ကြုံတောင့်ကြုံခဲ စောင်းတန်းပြုပြင်မွမ်းမံခြင်းဟူသော ကုသိုလ်ပွဲတွင် အဆက်ဆက်သော မူလအလှူရှင်များနှင့်ပါရမီရှင်တို့ ကုသိုလ်ပါဝင်နိုင်ကြပါစေရန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၄။ စောင်းတန်းကြီး ပြုပြင်မွမ်းမံခြင်းတွင် အခန်းလိုက်၊ တိုင်အလိုက် လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အသေးစိတ် အချက်အလက်များကို စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ–

၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀

မှတ်ချက်။ ။အရပ်နီးဝေးသို့ အလှူခံစေလွှတ်ခြင်းမရှိပါ။

ဂေါပကအဖွဲ့။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပျော်ရွှင်စရာ နှစ်သစ် ၂၀၀၈ ကို ကြိုဆိုပါသည်

၃၁-၁၂-၂၀၀၇ ရက်အထိ ပြုလုပ်ပေးခဲ့သော **ဒံပေါက်ငါးပွဲ ဝယ်လျှင် တစ်ပွဲလက်ဆောင်** ပေးသည့်အစီအစဉ်တွင် ဝယ်ယူအားပေးခဲ့ကြသော မိဘပြည်သူများကို **နီလာဒံပေါက်နှင့်အအေး မိသားစုမှ** အထူးကျေးဇူးတင်ရှိပါသည်။

Since 1986

KMD Computer Centre

ကွန်ပျူတာစာစီ/စာရိုက် လုပ်ငန်းများအတွက်
Desktop Publishing Course
[Duration 80 Hours]
Computer Operator
ကောင်းတစ်ယောက်ဖြစ်လိုလျှင်

ကြော်ငြာဒီဇိုင်းများဖန်တီးနိုင်ရန်အတွက်
Graphic Design Course
[Duration 80 Hours]
Graphic Designer
ကောင်းတစ်ယောက်ဖြစ်လိုလျှင်

(ရုံးချုပ်) ☎ ၂၄၉၁၅၅/၃၈၀၇၇၆/၃၈၀၁၂၉ (သိမ်ကြီးဈေး) ☎ ၃၈၄၂၆၈/၃၈၄၆၄၁
(ဆိပ်ကမ်းသာ) ☎ ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅ (လှည်းတန်း) ☎ ၅၂၄၄၀၀/၅၀၅၃၉၉
(မြေနီကုန်း) ☎ ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃ (တာမွေ) ☎ ၅၄၁၃၂၈/၅၄၆၆၀၀
(ရွှေပုဇွန်ညက်) ☎ ၅၀၀၂၅၅/၅၀၀၆၂၄

သင်တန်းအပ်လက်ခံနေပါပြီ။

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

ဇန်နဝါရီလ ဘောလုံးသမားခေါ်ယူကာလ၌ ဘင်နီတက်ဇ် လူသစ်များခေါ်ယူမည်ဆို

လန်ဒန် ဒီဇင်ဘာ ၃၁

ဇန်နဝါရီလ ဘောလုံးသမားများ အပြောင်းအရွှေ့ရာသီတွင် ပရီမီယာလိဂ်နည်းပြများ ဘောလုံးသမားသစ်များ အပြိုင်အဆိုင် ခေါ်ယူကြမည်ဖြစ်ရာ လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ၎င်းအနေဖြင့် ကစားသမားသစ်များ ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စာချုပ်

မန်ချက်စတာယူနိုက်တက်အသင်းသည် အင်္ဂလိပ်တိုက်စစ်မှူး မာနချီအားခေါ်ယူခဲ့ပြီးနောက် တော့တင်ဟမ်က ခရစ်ဂန်တာအား စာချုပ်ခဲ့သည်။

ခေါ်ယူသွားမည်

ဒါဘီအသင်းကလည်း တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် ကစားသမားသစ်လေးဦး သို့မဟုတ် ငါးဦး ခေါ်ယူသွားမည်ဟု ဆိုသည်။

ဆက်ဆံရေးကောင်းမွန်

ဘင်နီတက်ဇ်သည် ကစားသမားသစ်များ ခေါ်ယူရေးနှင့် ပတ်သက်ပြီး အသင်းပိုင်ရှင်များနှင့် အဆင်မပြေဖြစ်နေသည်။ သို့သော်လည်း ကစားသမားသစ်များ ခေါ်ယူရေးအတွက် အသင်းပိုင်ရှင်များက ငွေကြေးထုတ်ပေးတော့မည်ဖြစ်၍ ဆက်ဆံရေးကောင်းမွန်နေသည်။

နှစ်ဦးခေါ်ယူမည်

မိမိတို့သည် ကစားသမားအချို့ ခေါ်ယူရန် ကြိုးစားမည်ဖြစ်ကြောင်း၊ တစ်ဦး သို့မဟုတ် နှစ်ဦးခေါ်ယူမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ဆန်းဒါးလန်းအသင်းနည်းပြ ရွိုင်ကိန်းကလည်း ကစားသမားအများစုနှင့် အဆက်အသွယ်ပြုလုပ်ထားသည်။ သို့သော်လည်း ခေါ်ယူမည့်ကစားသမားများ မရွေးရသေးဟု ဆိုသည်။

(အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၂၁) ဂိုးခန့်မှန်း

လန်ဒန် ဒီဇင်ဘာ ၃၁

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ဘောလုံးပြိုင်ပွဲများကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက် (ယနေ့)**တွင် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ အင်္ဂလန်ဘောလုံးကျွမ်းကျင်ပညာရှင် လော်ရီ၏ ဂိုးခန့်မှန်းချက်များကို ဖော်ပြလိုက်ပါသည်။**

နှစ်သစ်နေ့(ဇန်နဝါရီ ၁ရက်)

ဖူဟမ်	**၁ –၁**	**ချယ်လ်ဆီး**
အာဆင်နယ်	**၂ –၀**	**ဝက်စ်ဟမ်း**
မန်ယူ	**၂ –၀**	**ဘာမင်ဂမ်**
မစ်ဒယ်ဘရော့	**၁ –၁**	**အဲဗာတန်**
ရက်ဒင်း	**၁ –၂**	**ပို့စ်မောက်**
အက်စ်တွန်ဗီလာ	**၂ –၂**	**တော့တင်ဟမ်**

ဇန်နဝါရီ ၂ ရက်

နယူးကာဆယ်	**၂–၀**	**မန်စီးတီး**
ဘလက်ဘန်း	**၂ –၁**	**ဆန်းဒါးလန်း**
ဘော်လ်တန်	**၂–၀**	**ဒါဘီ**
လီဗာပူး	**၃–၀**	**ဝီဂန်။**

(အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဘာဘာတော့ဗ်ရဲ့ အနာဂတ်

လန်ဒန် ဒီဇင်ဘာ ၃၁

၂၀၀၇-၂၀၀၈ ဘောလုံးရာသီရဲ့ ဇန်နဝါရီဈေးကွက်အဖွင့်မှာ စိတ်ဝင်စားစရာအကောင်းဆုံးကတော့ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်ပဲ ဖြစ်ပါတယ်။ ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်မှာ ဘာဘာတော့ဗ်ဟာ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတစ်သင်းကို ပြောင်းရွှေ့မယ်လို့ သူ့အေးဂျင့်ဖြစ်သူ ဒင့်ချီဗ်က ပြောကြားလိုက်ပါတယ်။

၂၂ဂိုး သွင်းပေးနိုင်ခဲ့

အသက် ၂၆နှစ် အရွယ်ရှိတဲ့ ဘူလ်ဂေးရီးယား တိုက်စစ်မှူး ဘာဘာတော့ဗ်ဟာ ၂၀၀၆ခုနှစ် နွေရာသီမှာ စပါးအသင်းကို ပြောင်းရွှေ့လာတဲ့ ခဲ့သူဖြစ်ပြီး ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ စပါးအတွက် ၂၂ဂိုးသွင်းပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။

ဒီနှစ် ပရီယာလိဂ်မှာတော့ စပါးအတွက် ၁၁ဂိုး သွင်းယူပေးထားပြီး ဖြစ်သလို ပရီမီယာလိဂ် ဂိုးသွင်းသူရဲ့ ကောင်းတွေထဲမှာ တစ်ဦးပါဝင်နေပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၂၀)မှာ ရက်ဒင်းကို တစ်ဦးတည်း လေးဂိုးသွင်းနိုင်ခဲ့လို့ ဒီနှစ်ပရီမီယာလိဂ်မှာ တစ်ပွဲတည်း ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် မှတ်တမ်းတင်ထားနိုင်တဲ့ တိုက်စစ်မှူးပါပဲ။

လက်မလျှော့သေး

ဘာဘာတော့ဗ်ဟာ ထက်မြက်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်လို့ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ ကာလကတည်းက မန်ယူနည်းပြ ဖာဂူဆန်က ခေါ်ယူဖို့ ကြိုးစားခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ မန်ယူဟာ လက်ရှိအချိန်အထိ ဘာဘာတော့ဗ်ကို ခေါ်ယူဖို့ လက်မလျှော့သေးဘူးလို့ဆိုပါတယ်။

ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်တွင် စပါးမှ ထွက်ခွာဖွယ်ရှိသည့် တိုက်စစ်မှူး ဘာဘာတော့ဗ်။

(အင်တာနက်ဓာတ်ပုံ)

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

စိတ်ဝင်စားစရာကောင်း

လက်ရှိ ပရီမီယာလိဂ်ဖလားကို ကာကွယ်ဖို့ တိုက်စစ်မှူးတွေ ဖြည့်ဆည်းနေတဲ့ ဖာဂူဆန်ဟာ ဘာဘာတော့ဗ်ရဲ့ အေးဂျင့်ဖြစ်သူနဲ့ ဆွေးနွေးခဲ့တယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ မန်ယူကလပ် ဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၃၁ရက်မှာ ထုတ်ပြန်တဲ့ သတင်းမှာ မန်ယူက စိတ်ဝင်စားနေတဲ့ တိုက်စစ်မှူးတွေ စာရင်းမှာ ထိပ်ဆုံးကပါဝင်နေတဲ့ ဘာဘာတော့ဗ်ရဲ့ အပြောင်းအရွှေ့က စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

စပါးရဲ့ ရာသီအစ ရလဒ်တွေ ဆိုးရွားခဲ့တာမို့ အသင်းက ပြောင်းရွှေ့ချင်တဲ့စိတ်ဖြစ်နေတဲ့ ဘာဘာတော့ဗ်က သူဟာငွေကြေးကြောင့် ဘောလုံးကစားနေတာ မဟုတ်ပါဘူးလို့ ပြောကြားနေပါတယ်။ ဒါပေမယ့် သူ့ရဲ့ အေးဂျင့်ဖြစ်သူက အခု ဇန်နဝါရီ အပြောင်းအရွှေ့မှာ ဘာဘာတော့ဗ်ဟာ ပြောင်းရွှေ့ဖွယ် ရှိနေတယ်လို့ ဆိုနေတာကြောင့် ဘာဘာတော့ဗ်အသင်း ပြောင်းရွှေ့မယ့် ကိစ္စဟာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ရွှေတောင် လေးထပ်ရောင်ခြည် စာကြည့်တိုက်အဆောက်အအုံဖွင့် ငွေပဒေသာပင်နှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ရွှေတောင် ဒီဇင်ဘာ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ ဒုတိယဦးစီးမှူး ဒေါ်ကြင်ကြင်သန်းတို့နှင့်အတူ ဒီဇင်ဘာ ၂၄ ရက် နံနက်က ရွှေတောင်မြို့နယ် ရုံးဝန်ထမ်းများအား တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ရှင်သန်ရေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ အမှုဆောင်များနှင့်အတူ နွားခြံကုန်းအုပ်စု ကျွန်းတန်းရိုးကျေးရွာ သုတကွန်ယက် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးကို ဆွေးနွေးသည်။

ဆက်လက်၍ နံနက် ၁၀နာရီခွဲက ကျီးသဲအုပ်စု ရွာသာကျေးရွာ လေးထပ်ရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ကို ကော်မတီဥက္ကဋ္ဌ ကျီးသဲတိုက်နယ် ဝေဠုဝန်ကျောင်းဆရာတော် ဦးသံဝရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

လက်ခံ

လှူဒါန်းပွဲတွင် စာကြည့်တိုက် ငွေပဒေသာပင်အတွက် မြို့နယ်ဥက္ကဋ္ဌက ငွေကျပ်တစ်သောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူးက ငွေကျပ်ငါးထောင်၊ ကျီးသဲရဲကင်းမှ ငွေကျပ်တစ်သောင်းကို ရဲကင်းမှူး ဒုတိယရဲအုပ် ဇော်မင်းသိန်းတို့က ပေးအပ်လှူဒါန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံယူသည်။ ထို့နောက် ပြည်ခရိုင် ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက စာအုပ်မျိုးစုံအုပ် ၅၀၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂျာနယ်နှင့်စာအုပ်မျိုးစုံအုပ်၁၀၀၊ ကျီးသဲအုပ်စု စည်းရုံးရေးမှူး ဦးမင်းမင်းစိုးက မဂ္ဂဇင်းစာအုပ် ၅၀၊ ဝေဠုဝန်ကျောင်းဆရာတော် ဦးသံဝရနှင့် အလှူရှင်များက စာအုပ်မျိုးစုံတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လင်းခေး ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းပွဲ ဆွေးနွေး

လင်းခေး ဒီဇင်ဘာ ၂၂

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို ဒီဇင်ဘာ၁၄ရက် မွန်းလွဲ ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဦးစီးမှူးဦးအယ်လ်စိုးထန်တူးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခတ်ပုံကျွမ်းကျင်(၂) ဦးစိုင်းဇော်လတ်က ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ရည်မှန်းချက်ရှိရမယ်စာအုပ်မှ အလုပ်နဲ့သာ သက်သေပြပါ ဆောင်းပါးကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်နန်းအေးခိုင်က တက္ကသိုလ်မြတ်သူရေးသားသည့် ဒီဇင်ဘာ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ အမျိုးသားစိတ်ဓာတ်ကိုယ်စီဖြင့် အမျိုးသားအောင်ပွဲအဆင့်ဆင့်သို့ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးညှင်းမြို့တွင်း လမ်းများ ဆက်သွယ် သွားလာမှု ကောင်းမွန် စေရေး အတွက် ဒီဇင်ဘာ ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦး ဒေဝ အောင် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မဟာဗန္ဓုလလမ်း ကတ္တရာ ထပ်ပိုးလွှာ ခင်း ခြင်း လုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်မည့် နောင်ခမ်းကျေးရွာ အလှူရှင်စက်ရေတွင်းကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးချောမွေ့ကောင်းမွန်စေရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းကိုးကျေးရွာအုပ်စု မယ်လိပါကော်ကျေးရွာရှိ အုတ်ခုံခံ သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးသက်ခေါင်းဆောင်ပြီး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေးဟောပြော ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင်များလှူဒါန်း

ကြို့ပင်ကောက် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် မှန်ပင်ထူးအုပ်စု ကြခတ္တန်းကြီးကျေးရွာရှိ မိဘမေတ္တာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ သာယာဝတီခရိုင်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေး အလေးထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး အလှူရှင်များဖြစ်ကြသော ဦးသန်းထွန်းနှင့်ဇနီး (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်)၊ ဦးအောင်သိန်း(မန်နေဂျာ–ဂရသစ်စက်)နှင့်ဇနီး၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းနှင့်ဇနီးတို့က ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင် ၁၁၉ အုပ်ကို မိဘမေတ္တာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်ထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ ယင်းမာပင်၌ အသိပညာပေးဟောပြော

ယင်းမာပင် ဒီဇင်ဘာ ၁၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီက အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် တိုင်း၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်ခင်ထွန်းက အေအိုင်ဒီအက်စ်ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ခင်ခင်အေးက အမျိုးသမီးများရပိုင်ခွင့်ဆိုင်ရာ ဥပဒေများအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်းပွဲ ဆုချီးမြှင့်

ပုလဲ ဒီဇင်ဘာ ၂၅

ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၆) အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂)နှင့် ကြိမ်၊ ဝါးလက်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းကြည်က အမှာစကားပြောကြားပြီး တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်မြမဉ္ဇူက သင်တန်းတွင် ထူးချွန်သင်တန်းသူများအား ဆုများ ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပြည်လုံးကျော်–ဖျောက်ဆိပ်ကုန်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော မြို့တွင်းရေပေးဝေသည့် ရေပိုက်လိုင်း ပြုပြင်မှုကို ကြီးကြပ်စစ်ဆေးစဉ်။
(မြို့နယ် ပြန်/ဆက်)

မဟာဗောဓိ ရွှေကျောင်းတိုက်ဆရာတော် ဝိဇာတမွေးနေ့ ဆွမ်းနှင့် ဝတ္ထုပစ္စည်းဆက်ကပ်

စဉ့်ကူး ဒီဇင်ဘာ ၂၀

စဉ့်ကူးမြို့ အမှတ်(၂)ရပ်ကွက် မဟာဗောဓိရွှေကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ အရှင်မြတ်၏(၃၅)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၇နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဇီးကုန်းကျေးရွာ သပြေလှကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသောဘဏ အရှင်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မွေးနေ့ဆွမ်း အနုမောဒနာတရား နာယူကြသည်။

ထို့နောက် သပြေလှ ကျောင်းတိုက် ပဓာနနာယက စာချတိုက်အုပ် ဆရာတော် ဘဒ္ဒန္တသောဘဏ အမှူးပြုသော ပင့်သံဃာတော်များအား ဆွမ်းအလှူရှင် ရေရှင်ကျေးရွာနေ ဦးမြင့်အောင်-ဒေါ်စန်းစန်းဝင်းမိသားစုတို့က မဟာဗောဓိ ရွှေကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇဝန္တ အရှင်မြတ်၏ မွေးနေ့ကောင်းမှုအဖြစ် နေ့ဆွမ်း ဆက်ကပ်ပြီး**(အပေါ်ဝဲပုံ)** လှူဖွယ်ဝတ္ထုပစ္စည်းများကို ရေစက်သွန်းချအမျှပေးဝေလှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက်အတွင်းရှိ သာသနာဒီပ (သဲအင်းဂူ) ဝိပဿနာကမ္မဋ္ဌာန်းကျောင်းအဝင် မဂ္ဂင်လမ်းမကြီးခင်းရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒအား အမှူးထား၍ ဦးချစ်မောင်-ဒေါ်စိန်ချစ်တို့အားရည်စူးလျက် သမီးဖြစ်သူ မဝဏ္ဏာသိင်္ဂီက အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (၃၅၂)

မဟာအောင်မြေ၌ သိက္ခာထပ် စိန်ရတုမွေးနေ့ပူဇော်

မန္တလေး ဒီဇင်ဘာ ၂၀

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ငွေတောင်တိုက် သာသနာဟိတေသီ ရွှေလင်းယုန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာလင်္ကာရ သာသနဓဇ သိရီပဝရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)၏ သိက္ခာတော်ထပ် စိန်ရတုမွေးနေ့ပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက် နံနက် ၉ နာရီက ရွှေလင်းယုန်ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ သိက္ခာထပ်စိန်ရတုမွေးနေ့ ပူဇော်မင်္ဂလာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဝါဆိုကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့် ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမတို့က သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး မြတောင်တိုက် ရွှေဝါဝင်းကျောင်းတိုက် ဆရာတော်က အနုမောဒနာတရားများ ဟောကြားပြီး ရေစက်ချတရား ချီးမြှင့်တော်မူသည်။ (၁၆၂)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဘားအံ ဒီဇင်ဘာ ၁၈

ဘားအံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၌ နေ့ရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၁၃ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်တို့ ကြီးကြပ်လျက် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အသက်အာမခံ အကျိုးခံစားခွင့် ကျပ်ငါးသိန်းပေးအပ်

နေပြည်တော်ပျဉ်းမနား ဒီဇင်ဘာ ၂၀

မြန်မာ့အာမခံလုပ်ငန်း၏ အသက်အာမခံအကျိုးခံစားခွင့်ပေးအပ်ပွဲကို နိုဝင်ဘာ ၂၈ရက်က နေပြည်တော် ပျဉ်းမနား၌ ကျင်းပရာ တိုင်းရုံးတာဝန်ခံ ဦးသန်းထွန်းဦးက မွေ့အန္တရာယ်ကြောင့် အသက်သေဆုံးခဲ့ရသည့် နေပြည်တော်တပ်ကုန်း ပိတောက်ကုန်းရွာနေ မောင်ရွှေခဲအတွက် အသက်အာမခံအကျိုးခံစားခွင့် ငွေကျပ် ငါးသိန်းကို ဖခင်ဖြစ်သူ ဦးညွန့်မောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

အုတ်တွင်းမြို့နယ် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စုပေါင်းကထိန် ဆက်ကပ်

အုတ်တွင်း ဒီဇင်ဘာ ၂၀

အုတ်တွင်းမြို့နယ် မဟာဓာတ်အားလိုင်း(ဟင်းငုတ်ပင်)နှင့် ပင်မဓာတ်အားခွဲရုံ (ဟင်းငုတ်ပင်)တို့၏ နဝမ အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၅ ရက် နံနက်က ဓာတ်အားခွဲရုံပင်မခန်းမ၌ ကျင်းပရာ အုတ်တွင်းမြို့ ဈေးကျောင်းဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တ တိလောကနှင့် မြို့ဦး စေတီဘုရားကျောင်းမှ သံဃာတော်များ ကြွရောက်တော်မူကြပြီး မဟာဓာတ် အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဝန်ထမ်းများက တက်ရောက်ကြည်ညို ကြသည်။

ဆက်ကပ်

အခမ်းအနားတွင် မဟာဓာတ်အားလိုင်းမှူးဦးသန်းရွှေနှင့် ဓာတ်အားခွဲရုံမှူး ဦးသန်းရွှေတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်လက်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်း

ထို့နောက် ဝန်ထမ်းများက လှူဒါန်းသည့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိသော ပဒေသာပင်များကို မော်တော်ယာဉ်များဖြင့် အုတ်တွင်းမြို့ ရွှေဘုန်းမြင့်မြို့ဦး စေတီဘုရားကျောင်းသို့ ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၃၁၆)**

သန်လျင်မြို့နယ်ရှိ ဖိနပ်စက်ရုံအမှတ်(၂) မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၂ ရက်က စက်ရုံခန်းမဆောင်၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူး ဦးထွန်းလင်းက ပညာပေး ဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ရွှေသိင်္ဂီရတနာဓမ္မာရုံ အမှတ် (၉၈) ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ နှစ်ဖက်မိဘများနှင့် ဦးထွန်းရှိန်အား ရည်စူး၍ အောင်ဓမ္မရိပ်သာလမ်း ၁၂ရပ်ကွက် လှိုင်မြို့နယ်နေ ဇနီး ဒေါ်မြင့်မြင့်မူမိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က လက်ခံယူစဉ်။ (က-ပ)

မြို့နယ် သတင်းများ

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ထူးကြီးဈေးတွင် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့်ဟင်းသီးဟင်းရွက်များနှင့် အိုင်အိုဒင်းဆားများ ရောင်းချမှု ရှိမရှိကို အောက်တိုဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် ဈေးတာဝန်ခံ ဦးကျော်မြင့်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့၌ မီးသတ်ဝတ်စုံထောက်ပံ့

ညောင်ဦး ဒီဇင်ဘာ ၈

ညောင်ဦး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ စီစဉ်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက်က အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အတွင်းရေးမှူးဦးသိန်းအောင်၊ အဖွဲ့ဝင် (၁)ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းတို့က ညောင်ဦး မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက် ဝက်ကြီးအင်းကျေးရွာ၊ တောင်ဘီ ကျေးရွာနှင့် မြင်းကပါ ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀တို့အား ငွေကျပ် ၁၆၆၅၀၀၀ တန်ဖိုးရှိ မီးသတ်တပ်ဖွဲ့ ဝတ်စုံ ၁၅၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နတ်တော်လပြည့်ကျော် ၉ ရက်
၂-၁-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မြောင်းမြမြို့နယ်၊ မြေတံတားရွာမှ ငွေကမ္ဘာဘဲမွေးမြူရေးလုပ်ငန်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ထူးထူးကဲကဲ သည်နှစ်အောင်ပွဲ-ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (အပြစ်တင်ကြတဲ့ ကျေးဇူးရှင်တွေ-ထက်ကျော်)

၁၂း၃၅ သီချင်းကြီးပဒေသာ
၁။ ကုန်းဘောင်မြို့ဘွဲ့ (ဆင်ဖြူကျွန်း သန်းသန်းမြင့်)
၂။ ဆယ်ရောင်ဝေကြိုး (စန္ဒရားဘသန်းတင်)
၃။ စက်နန်းရဝိန်ပတ်ပျိုး (မြတ်မြတ်မိုး)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မမေ့တတ်ရင် (မစိန်မြင့်လတ်)
(၂) လွမ်းနေပါတယ်စမ်းရေ (ကိုတင်ဝင်း)
(၃) မောင့်ကိုတွေ့လိမ့်နိုး (တင်တင်အုန်း)

၁၇း၃၀ အစာနှင့်အာဟာရလိမ္မော်သီး

၁၇း၄၅ သူ့လက်သံ (သာယာဝတီကိုစန်းမြင့်၏ ဂီတာလက်သံ)

၁၈း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (ပုလဲတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုးစန္ဒာထွန်း၏ သက်ဆိုင်သူသို့)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁။ အမေ့ရင်ခွင် (သင်းသင်းအေး)
၂။ အကျည်းတန်ချစ်သူ (လှမြင့်ဝင်း)
၃။ အမေ့ထံမှာ ခွင့်ပန်ပါ (တင်တင်ထွေး)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

စက်ရုံအတွက် ကုန်ကြမ်းမပြတ်လပ်စေရေး စိုက်ခင်းများထူထောင် ကုန်ကြမ်း ယူကာလစ်ပင်များ ရှင်သန်အောင်မြင်အောင် ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် သထုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)သို့ ရောက်ရှိရာ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နေခြည်လဲ့လဲ့သိန်းက ကျောင်း၏သင်ကြားစီမံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Collective Triangles Co., Ltd. မှ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်ဝင်းက ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) တည်ဆောက်ခြင်းလုပ်ငန်း ၇၁ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း

စာမျက်နှာ ၄ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဆောက်လုပ်ဆဲ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

CNG သဘာဝဓာတ်ငွေ့များ ခရီးစဉ်သုံးစွဲမှုအပေါ် မူတည်၍ လိုသလောက် ဝယ်ယူခွင့်ပြုသွားမည်၊ ဓာတ်ဆီ၊ ဒီဇယ်များကိုလည်း ယခင်အတိုင်း ပြောင်းလဲမှုမရှိ ဆက်လက်ထုတ်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းနယ်မြေအတွင်း ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ကုန်ပစ္စည်းတင်ယာဉ်များအတွက် CNG သဘာဝဓာတ်ငွေ့များ ရောင်းချပေးလျက်ရှိရာတွင် စနစ်တကျရှိစေရေးအတွက် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ထုတ်ယူခွင့်စာအုပ်ဖြင့် မှတ်တမ်းတင်ရောင်းချပေးမည်ဖြစ်ပြီး ခရီးစဉ်သုံးစွဲမှုအပေါ် မူတည်လျက် ယခင်အစီအစဉ်အတိုင်း လိုသလောက်ဝယ်ယူခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ထုတ်ပေးမည်

ထို့အပြင် ဓာတ်ဆီ၊ ဒီဇယ်သုံးယာဉ်များကိုလည်း ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား